# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက် ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၅ ရက်၊ တနင်္လာနေ့ အတွဲ (၆၃)၊ အမှတ်(၃၀၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပဲခူးမြို့နယ်အတွင်း မြစ်ရေကြီးမှု ပြန်လည်ကျဆင်းလာပြီဖြစ်၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

ပဲခူး ဩဂုတ် ၄

ပဲခူးမြို့နှင့် ကျေးရွာများအတွင်း မြစ်ရေကြီးမှုများ ပြန်လည် ရေကျသွားပြီဖြစ်ရာ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကိုယနေ့ နံနက်ပိုင်းမှစတင်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲခူးမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေမှုတို့ကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အဖွဲ့ဝင်များ သွားရောက်ကြည့်ရှု အားပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့နယ် ကမာနတ်ကျေးရွာ အုပ်စု၌ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရေသန့်စက်တပ်ယာဉ်ဖြင့် သောက်ရေသန့်များ ဖြန့်ဖြူးပေးနေမှုကို ကြည့်ရှုအားပေးပြီး ရေကြီးနစ်မြုပ်ခဲ့သည့် ရပ်ကွက်/ ကျေးရွာများအား


စာမျက်နှာ ၉ ကော်လံ ၁ ❖




ပဲခူးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း၌ ဌာနဆိုင်ရာများပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၄-၈-၂၀၂၄

| | | | | | | | |
|---|---|---|---|---|---|---|---|
| ကျောက်ဖြူမြို့ | ၃ | ဒသမ | ၇၉ လက်မ | ဝမြို့ | ၂ | ဒသမ | ၈၀ လက်မ |
| ဘားအံမြို့ | ၃ | ဒသမ | ၅၄ လက်မ | ဓနုဖြူမြို့ | ၂ | ဒသမ | ၆၄ လက်မ |
| နေပြည်တော် (ပုဗ္ဗသီရိမြို့နယ်) | ၃ | ဒသမ | ၁၅ လက်မ | သထုံမြို့ | ၂ | ဒသမ | ၂၄ လက်မ |
| | | | | ကျောင်းကုန်းမြို့ | ၂ | ဒသမ | ၁၃ လက်မ |
| နေပြည်တော် (ဇေယျာသီရိမြို့နယ်) | ၃ | ဒသမ | ၁၁ လက်မ | ဥက္ကံမြို့ | ၂ | ဒသမ | ၀၅ လက်မ |
| | | | | ဘီလင်းမြို့ | ၁ | ဒသမ | ၈၉ လက်မ |


**ယနေ့ ဖတ် စ ရာ**

ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ (JLPT) ဖြေဆိုလိုသူများ Level အားလုံးအတွက် လျှောက်လွှာလျှောက်ထားနိုင် — ပြည်တွင်းသတင်း — စာ ၇

ရေသည် နိုင်ငံ့အရေးနှင့် ကျေးလက်ရေရရှိရေး မဟာဗျူဟာကို ဆန်းစစ်ခြင်း — ဆောင်းပါး — စာ ၁၀

မြေပြိုမှုအန္တရာယ် သတိပြုစေလို — ဆောင်းပါး — စာ ၁၆

မိုးအဆက်မပြတ်ရွာပြီး မြေပြိုကျမှုများကြောင့် ပျဉ်းမနား – ပင်လောင်းလမ်း ပျက်စီး — ပြည်တွင်းသတင်း — စာ ၁၇

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ညောင်ဦးခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနကြည့်ရှုစစ်ဆေး ညောင်ဦးခရိုင်အတွင်းရှိ MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၄**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ရှိ ညောင်ဦးခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိစစ်ဆေးသည်။

**ကြပ်မတ်စစ်ဆေး**

ဦးစွာ အစည်းအဝေးခန်းမ၌ ခရိုင်ဦးစီးဌာနမှူးက ညောင်ဦးခရိုင်အတွင်းရှိ စက်မှုလုပ်ငန်းများ အခြေအနေ၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ခရိုင်အတွင်းရှိ စက်မှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ကြပ်မတ်စစ်ဆေးဆောင်ရွက်ရန်၊ ထို့ပြင် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို သိရှိအောင်ဆောင်ရွက်ပြီး မိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ပံ့ပိုးကူညီပေးရန်၊ ခရိုင်၏ အသားတင်ထုတ်လုပ်မှုတန်းဖိုးတွင် စက်မှုကဏ္ဍမှပါဝင်မှု အခြေအနေများကို သုံးသပ်မြှင့်တင်ရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်ပေးသည်။

ယနေ့နံနက်ပိုင်းတွင် ညောင်ဦးခရိုင်အတွင်းရှိ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်း အခမ်းအနားကို ညောင်ဦးခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။

**အောင်မြင်စွာဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ညောင်ဦးခရိုင်အတွင်း၌ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်း စုစုပေါင်း ၃၅၅ ခုရှိပြီး MSME လုပ်ငန်းများအနေဖြင့် ၄၀၂ ခုရှိသည်ကို တွေ့ရှိရကြောင်း၊ ညောင်ဦးခရိုင်အနေဖြင့် ပုန်းရည်ကြီးနှင့် ယွန်းထည်လုပ်ငန်းများကို ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product – OROP) အစီအစဉ်တွင် ပါဝင်ထည့်သွင်းထားသည်ကို တွေ့ရှိရကြောင်း၊ သက်ဆိုင်ရာလုပ်ငန်းရှင်များအနေဖြင့် တိုင်းဒေသကြီး MSME အေဂျင်စီနှင့်ပူးပေါင်းပြီး ဒေသတစ်ခု ထုတ်ကုန်တစ်ခု ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအမံနှင့် လက်တွေ့ဆောင်ရွက်မည့် အစီအစဉ်များဖြင့် ချိတ်ဆက်၍ အောင်မြင်စွာ ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း။

ယခုအခါ MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ လုပ်ငန်းရှင်များကို ချေးငွေများ ထုတ်ပေးနိုင်ရန် စီစဉ်လျက်ရှိပြီး ချေးငွေအဆိုပြုလွှာများ လျှောက်ထားနိုင်ရေးနှင့်စပ်လျဉ်း၍ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၀ ရက်နှင့် မတ် ၃၁ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြော်ငြာထားပြီးဖြစ်ကြောင်း၊ MSME များ၏ သတင်းအချက်အလက်များ ရရှိနိုင်ရေး၊ MSME မှတ်ပုံတင် လျှောက်ထားနိုင်ရေးတို့ကို Online ဖြင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် MSME Web Portal ကို တည်ထောင်ထားရှိပြီး ASEAN Access Web Portal နှင့်ပါ ချိတ်ဆက်၍ MSME လုပ်ငန်းရှင်များ ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုမှုများ တိုးတက်လာစေရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုနှစ်ကုန်တွင် MSME လုပ်ငန်းကော်မတီမှဦးစီး၍ ဒေသအသီးသီးရှိ MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲကို နေပြည်တော်တွင် ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် MSME လုပ်ငန်းရှင်များက လုပ်ငန်းများ ဆောင်ရွက်စဉ် တွေ့ကြုံနေရသည့် အခက်အခဲများ၊ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို တင်ပြရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ဖြေကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညောင်ဦးမြို့ရှိ မြင်းပျံ ပုန်းရည်ကြီးလုပ်ငန်း၊ ရွှေမိသားစု ဆီစက်လုပ်ငန်း၊ ဦးဘငြိမ်း၏ ယွန်းထည်လုပ်ငန်း၊ ထွန်း ယွန်းထည်လုပ်ငန်းနှင့် ကျောက်ပန်းတောင်းမြို့ရှိ စံကီးအာလူးကြော်နှင့် ပဲကြော်လုပ်ငန်း၊ ဇမ္ဗူအေး ဆီစက်လုပ်ငန်းများကို လှည့်လည်အားပေး ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ညောင်ဦးမြို့ရှိ ထွန်း ယွန်းထည်လုပ်ငန်းအား ကြည့်ရှုအားပေးစဉ်။

# တောင်သူနည်းပညာဆွေးနွေးပွဲတွင် သစ်စိမ်းမြေဩဇာအမျိုးမျိုး၏ မြေဆီလွှာနှင့် သီးနှံအပေါ် အကျိုးသက်ရောက်မှုဆွေးနွေး

**နေပြည်တော် ဩဂုတ် ၄**

နေပြည်တော် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် အပတ်စဉ် စနေနေ့တိုင်း ကျင်းပသည့် တောင်သူနည်းပညာဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက (၄၃) ကြိမ်မြောက် ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများနှင့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်မှ တောင်သူ ၂၅ ဦး တက်ရောက်၍ သစ်စိမ်းမြေဩဇာအမျိုးမျိုး၏ မြေဆီလွှာနှင့် သီးနှံအပေါ် အကျိုးသက်ရောက်မှု ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီး ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူ ၅၀ က အွန်လိုင်းစနစ်ဖြင့် တက်ရောက်ဆွေးနွေးကြသည်။

**ရှင်းလင်းဖြေကြား**

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန မြေဆီလွှာသိပ္ပံသုတေသနဌာနစု သုတေသနမှူး ဒေါက်တာနီနီတင့်က သစ်စိမ်းမြေဩဇာအမျိုးမျိုး၏ မြေဆီလွှာနှင့် သီးနှံအပေါ် အကျိုးသက်ရောက်မှုနှင့် ပတ်သက်၍ တင်ပြဆွေးနွေးကြပြီး တောင်သူများ၏ မေးမြန်းမှုများကို အသေးစိတ်ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီးက လုပ်ကွက်ငယ်တောင်သူလယ်သမားအနေဖြင့် မိမိတို့ပိုင်ဆိုင်လုပ်ကိုင်ရသည့် လယ်ယာမြေ၏ မြေဆီလွှာကျန်းမာရေးနှင့် မြေဆီဩဇာထက်သန် ကောင်းမွန်စေရေးကို ဂရုတစိုက် ဆောင်ရွက်နိုင်မှသာ ဝင်ငွေခိုင်မာမှုရှိစေမည့် သီးနှံအထွက်ကို ရရှိနိုင်ကြမည်ဖြစ်ကြောင်း၊ သစ်စိမ်းမြေဩဇာ ထည့်သွင်းအသုံးပြုနိုင်ပါက စိုက်ပျိုးမြေကျန်းမာရေးနှင့် မြေဆီဩဇာထက်သန်မှုကို များစွာအထောက်အကူပြုစေနိုင်သဖြင့် ရာသီလှည့်သီးနှံပုံစံတွင် သစ်စိမ်းမြေဩဇာသီးနှံများ၊ မြေဖုံးသီးနှံများကို ထည့်သွင်းနိုင်ရေး ဒေသအလိုက် သီးနှံစိုက်ပျိုးမှု ရာသီအချိန်ဇယားများ စနစ်တကျရေးဆွဲဆောင်ရွက်ရန် လိုအပ်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယနေ့ဆွေးနွေးပွဲတွင် အကြီးမြန် ဆွေးမြည့်လွယ်၍ သစ်စိမ်းဒြပ်ထု အထွက်များများရရှိသော အပင်မျိုးများ ကြဲပက်စိုက်ပျိုးကာ ထယ်ထိုးမြေမြှုပ်ခြင်းအားဖြင့် မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိနှင့် ဓာတ်ဂုဏ်သတ္တိများကို ပြောင်းလဲပေးပြီး မြေဆီအာဟာရဓာတ်ဖြည့်တင်းပေးသော သဘာဝမြေဩဇာ အသုံးပြုခြင်းကို သက်ဆိုင်ရာပညာရှင်များက ဆွေးနွေးတင်ပြကြရာ ဆွေးနွေးပွဲ တက်ရောက်လာကြသူများက သိရှိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရေဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

**ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်–**

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

( ခ ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း (သို့) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

( ဂ ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သောဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

( င ) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

( စ ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

( ဇ ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

( ဈ ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇–၃၄၀၄၆၆၆၊ ၀၆၇–၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာထားသည်။

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်း

**နေပြည်တော် ဩဂုတ် ၄**

စွန့်လွှတ် စွန့်စားလိုသည့် စိတ်ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ထမ်း မိသားစုများက စားသောက်ဖွယ်ရာများ ပေးပို့ လှူဒါန်းလျက်ရှိသည်။

ထိုသို့ နိုင်ငံတော်ကာကွယ် ရေးတာဝန်များကိုထမ်းဆောင်နေ ကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဩဂုတ် ၂ ရက် မွန်းလွဲပိုင်းက လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဝန်ထမ်း မိသားစုများက စေတနာ၊ မေတ္တာ အပြည့်ဖြင့် စားသောက်ဖွယ်ရာ များကို ရှေ့တန်းမြေသို့ ပေးပို့နိုင် ရေး စိတ်အားထက်သန်စွာဖြင့် စုပေါင်းပြင်ဆင် ထုပ်ပိုးဆောင် ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံ ကြည့်ရှုအားပေးကြသည်။



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရှေ့တန်း ရောက် တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် လက်ဖက်အကြော်စုံဘူး ၅၀၀၊ ခေါက်ဆွဲခြောက် ငါးထုပ်တွဲ ၅၀၀၊ နန်းမြိုင်ကော်ဖီ အထုပ် ၃၀ ပါ အထုပ်ကြီး ၅၀၀၊ တီးမစ် ၃၀ ပါ အထုပ် ၂၅၀၊ ငါးတန်အချိုပေါင်း ၂၀၀ ဂရမ် ၁၀၅ ဘူး၊ ပဲထောပတ် ၂၀၀ ဂရမ် ၁၇၄ ဘူး၊ ငါးပိကြော် ၂၀၀ ဂရမ် ၁၆၈ ဘူး၊ ကြက်အာလူး ၂၀၀ ဂရမ် ၈၃ ဘူး၊ ငါးနီတူခြောက် ကြော် ၁၂၂ ဘူး ၊ အာပြဲခြောက် ကြော်ဘူး ၁၅၀ ၊ ဂျူးမြစ်/ပဲပုပ်/ မြေပဲကြော် ၃၂ ဘူး၊ ငံပြာရည် ကြော် ၁၆၆ ဘူး စုစုပေါင်း အစား အသောက် ၁၂ မျိုးကို ပေးပို့ လှူဒါန်းခဲ့ကြသည်။

ထို့အပြင် နိုင်ငံတော်လုံခြုံရေး၊ နယ်မြေ ကာကွယ်ရေးအတွက် အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားကာ ရှေ့တန်း စစ်မြေပြင်တွင် ရဲရင့်စွာဖြင့် တိုက်ပွဲဝင်နေကြသည့် တပ်မတော် သားများအတွက် စိတ်ဓာတ်ခွန် အား၊ နိုးကြားတက်ကြွစေရန် ကျန်းမာပါစေ၊ ဘေးအန္တရာယ် ကင်းပါစေ၊ တရားသောစစ် အောင်မြင်ပါစေ အစရှိသည့် ဆုတောင်းမေတ္တာစာလွှာများကို လည်း ထည့်သွင်းပေးပို့ခဲ့ကြသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်း မိသားစုများက စားသောက်ဖွယ်ရာ ၁၂ မျိုး အတွက် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂၀၀၂၅၀၀ (ကျပ်တစ်ရာ့နှစ်ဆယ် သိန်းနှစ်ထောင့်ငါးရာ တိတိ) ကို ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်တိုင်း စစ်ဌာနချုပ်သို့ သွားရောက် ပေးပို့လှူဒါန်းခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**




## စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေသော ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့

**ဘားအံ ဩဂုတ် ၄**

ကရင်ပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကရင်ပြည်နယ် အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်း မိသားစုများက နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် များကို စွမ်းစွမ်းတမံ ထမ်းဆောင် လျက်ရှိသော ရှေ့တန်းရောက် မြန်မာ့ တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ ပေးအပ်သည့် အခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၉ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပ သည်။

ဦးစွာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကား ပြောကြားပြီး ငွေကျပ် ၄၇၅ သိန်း တန်ဖိုးရှိ စားသောက်ကုန် ပစ္စည်းများကို အရှေ့တောင်တိုင်းစစ် ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဇော်မင်းအောင်ထံ ထောက်ပံ့ ပေးအပ်ပြီး **(အပေါ်ပုံ)** လှူဒါန်းပေး ကြသော ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများ အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ အရှေ့ တောင်တိုင်း စစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ် ဇော်မင်း အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့ ထောက်ပံ့ပေးအပ်မှု တွင် ငါးပိကြော်၊ ငါးခြောက်ကြော်၊ အချိုရည်၊ ကော်ဖီမစ်၊ မြေပဲဆား လှော်၊ ခေါက်ဆွဲခြောက် အစရှိ သော စားသောက်ဖွယ်ရာ ခုနစ် မျိုးကို ဝန်ထမ်းများ ကိုယ်တိုင် စိတ်အားထက်သန်စွာ ကြော်လှော် ချက်ပြုတ်ထုပ်ပိုး၍ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် များ ထမ်းဆောင်နေသော ရှေ့တန်း ရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အရှေ့တောင်တိုင်း စစ်ဌာနချုပ် မှတစ်ဆင့် ပေးပို့လှူဒါန်းသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

**လွိုင်ကော် ဩဂုတ် ၄**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားစွာဖြင့် စွမ်းစွမ်းတမံတာဝန် ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ မြို့နယ် ခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက စာနာမှု၊ စေတနာ ၊ မေတ္တာအပြည့်ဖြင့် တပျော်တပါး စုပေါင်း ချက်ပြုတ်ကြော်လှော်ခြင်း၊ ဝန်ထမ်းမိသားစုများ ကိုယ်တိုင် စိတ်အားထက်သန်စွာဖြင့် စားသောက်ဖွယ် ရာများ ပြင်ဆင်ထုပ်ပိုးနေမှုများကို ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော် သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ကော်ဖီ၊ ခေါက်ဆွဲခြောက်၊ လက်ဖက်အကြော်စုံ၊ ချဉ်ပေါင် ထမင်းနယ်၊ ငါးနီတူ၊ ပုစွန်ငါးပိချက်၊ သရက်သီးသနပ်၊ အာပြဲခြောက်ကြော်၊ ကိတ်ခြောက်၊ ဆေးပေါ့လိပ်၊ ချိုချဉ် စသည့်စားသောက်ဖွယ်ရာပစ္စည်းများ လှူဒါန်းနိုင်ရေး ဝိုင်းဝန်းပြင်ဆင်ဆောင်ရွက်ခဲ့ကြ ပြီး စားသောက်ဖွယ်ရာများနှင့်အတူ "တရားသောစစ် အမြန်ဆုံးအောင်မြင်ပါစေ။ တပ်မတော်သားများရဲ့ အောင်မြင်မှု ပြည်သူလူထုရဲ့ ငြိမ်းချမ်းမှုတွေကို စောင့်မျှော်လျက် တပ်မတော်သားများကို ချစ်တဲ့ ပြည်သူတွေ အများကြီးရှိပါတယ် ။ တပ်မတော်သား များရဲ့အောင်ပွဲဟာ ပြည်သူ့အောင်ပွဲပါ။ တပ်မတော် သားများ စစ်မြေပြင်မှ အန္တရာယ်ကင်းရှင်းစွာ အမြန်ဆုံးပြန်လာနိုင်ပါစေ" စသည့်ဆုတောင်းမေတ္တာ စာလွှာများကို ထည့်သွင်းပေးပို့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကယား ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ် ၂၀၈၀၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်များကို ပေးအပ်လှူဒါန်းခဲ့ရာ ဒေသကွပ်ကဲရေးမှူးကလည်း ကောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များကိုယ်စား ပြည်နယ်ရဲတပ်ဖွဲ့မှူးတို့ကလည်းကောင်း လက်ခံ ရယူခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင် များသည် အကျဉ်းဦးစီးဌာနသို့ သွားရောက်၍ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုရှိလာအောင် သစ္စာရှိရှိ ရဲရဲဝံ့ဝံ့ဖြင့် တာဝန်ထမ်းဆောင်ခဲ့သော တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ အကျဉ်းဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံအားပေး စကားပြောကြားပြီး ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်း သည့် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြု ချီးမြှင့် ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် အကျဉ်း ဦးစီးဌာနအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ ကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**



❏ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများက စားသောက်ဖွယ်ရာများလှူဒါန်း

**မကွေး ဩဂုတ် ၄**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဝန်ကြီးဌာနမိသားစုဝင်များ၊ တိုင်းဒေသကြီးအသီးသီးရှိ ဌာနဆိုင်ရာများနှင့် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် မကွေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများက စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး ဆောင်ရွက်နေမှုကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ အနောက်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်သိန်းထွန်းဦး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။ **(အပေါ်ယာပုံ)**

နိုင်ငံတော်လုံခြုံရေး၊ နယ်မြေကာကွယ်ရေးအတွက် အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားကာ ရှေ့တန်းတွင် တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးနီတူခြောက်ကြော်၊ အသားတုနှင့် ဇရုတ်သီးခြောက်ကြော်များအပြင် ပဲကြော်၊ မြေပဲဆားလှော်၊ ပုန်းရည်ကြီး၊ အသင့်စားခေါက်ဆွဲထုပ်၊ စူပါကော်ဖီမစ်၊ ဆေးပေါလိပ်များနှင့်အတူ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူများက “တရားသောစစ် အမြန်ဆုံးအောင်မြင်ပါစေ၊ တပ်မတော်သားများရဲ့ အောင်မြင်မှု ပြည်သူလူထုရဲ့ ငြိမ်းချမ်းမှုတွေကို စောင့်မျှော်လျက် တပ်မတော်သားများကိုချစ်တဲ့ ပြည်သူတွေ အများကြီးရှိနေပါတယ်၊ အန္တရာယ်ရန်စွယ်အမျိုးမျိုးကို ဖြတ်ကျော်ကာ တိုင်းပြည်အတွက် အသက်ပေးတိုက်ပွဲဝင်နေသည့်အတွက် များစွာကျေးဇူးတင်ဂုဏ်ယူပါကြောင်း၊ တိုက်ပွဲတိုင်းကို အောင်နိုင်ပြီး ပြုံးပန်းဆင်ကာ ပြန်လာမည့်နေ့ကို စောင့်ကြိုနေကြောင်း” စသည့် ဆုတောင်း မေတ္တာစာလွှာများကို ထည့်သွင်း ပေးပို့ကြသည်။

ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများကလှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ ကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို မကွေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ပန်းဟောဝန်ခန်းမ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ရာ အနောက်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်သိန်းထွန်းဦးနှင့် မကွေးတပ်နယ်မှ တပ်မတော် အရာရှိကြီးများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**



# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ကြံခင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်း

**ကြံခင်း ဩဂုတ် ၄**

နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ကြံခင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ (ကြံခင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) က စေတနာ၊ မေတ္တာအပြည့်ဖြင့် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက် ထုတ်ပိုးနေမှုများကို ယနေ့ မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရောဦးခန်းမ၌ ပြုလုပ်သည်။ **(ဝဲပုံ)**



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့များ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့က ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးနီတူခြောက်ကြော်ထုပ် ၅၀၊ ငံပြာရည်ကြော် ၁၀၀၊ ငါးပိကြော်ထုပ် ၁၀၀ စုစုပေါင်းအမယ် သုံးမျိုးအား တစ်ထုပ်လျှင် ၁၀ ကျပ်သားစီအထုပ် ၂၅၀ ကို တပျော်တပါး ပူးပေါင်းထုပ်ပိုးပြင်ဆင်ပြီး ပေးပို့လှူဒါန်းသွားမည့်အပြင် ရှေ့တန်းရောက် တပ်မတော်သားများအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာရှိပြီး အနန္တောအနန္တ ငါးပါးတို့၏ ဂုဏ်ကျေးဇူးတို့ကြောင့် ဘေးအန္တရာယ်ကင်းရှင်းကြပါစေ၊ အစစအရာရာ အဆင်ပြေချောမွေ့ကြပါစေ၊ “တရားသောစစ် အောင်မြင်ပါစေ” အစရှိသည့် ဆုတောင်းမေတ္တာစာလွှာများကိုပါ ထည့်သွင်းပေးပို့သွားမည်ဖြစ်ရာ ယင်းဆောင်ရွက်နေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းတန်နှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ စားသောက်ဖွယ်ရာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# နိုင်ငံရေးပါတီ (၂၅) ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

**နိုင်ငံရေးပါတီ ( ၂၅ ) ပါတီ၏**
**ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်**
**၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ( ၁၅ ) ရက်**
**၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ( ၄ ) ရက်**

၁။ အကြမ်းဖက်သောင်းကျန်းသူများဖြစ်သည့် MNDAA ၊ AA ၊ TNLA နှင့် ၎င်းတို့နှင့် ဆက်နွယ်သော လက်နက်ကိုင်အဖွဲ့အစည်းများသည် (၂-၈-၂၀၂၄) ရက်နေ့တွင် ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့ရှိ အမှတ် (၉) ဆေးရုံ ခုတင်(၁၀၀) အား လက်နက်ကြီး/ရှေ့တိုက်ဒုံး/Drome/လက်နက်ငယ်မျိုးစုံတို့ဖြင့် ဆင်ခြင်မဲ့ ရက်စက်ကြမ်းကြုတ်စွာ ပစ်ခတ်တိုက်ခိုက်ဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

၂။ အထက်ဖော်ပြပါ အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ရေးပစ်မှတ်မဟုတ်သော ဆရာဝန်/သူနာပြု အပါအဝင် ဝန်ထမ်းများ၊ အရပ်သူ/အရပ်သားလူနာများ၊ ကလေးသူငယ်များ၊ ရင်ခွင်ပိုက်ကလေးများအပါအဝင် အပြစ်မဲ့ပြည်သူများစွာအား ရက်စက်စွာ အနီးကပ်ပစ်ခတ်သတ်ဖြတ်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်အပါအဝင် လူနာအချို့အား ဖမ်းဆီးခေါ်ဆောင်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

၃။ ဤဖြစ်ရပ်သည် လူသားမဆန်သည့် ဆိုးရွားသောအကြမ်းဖက်မှုဖြစ်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကိုလည်းကောင်း၊ ပြည်တွင်းရှိ တည်ဆဲဥပဒေများကိုလည်းကောင်း၊ နိုင်ငံတကာလူ့အခွင့်အရေး ကြေညာစာတမ်းပါ အခြေခံလူ့အခွင့်အရေးများကိုလည်းကောင်း ရည်ရွယ်ချက်ရှိရှိ ချိုးဖောက်ခဲ့ကြခြင်း ဖြစ်ပါသည်။

၄။ ထိုအကြမ်းဖက်သောင်းကျန်းသူများနှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများအား အကြမ်းဖက်သောင်းကျန်းသူများအဖြစ် သတ်မှတ်၍ ပြည်တွင်းဥပဒေများအရ အရေးယူဆောင်ရွက်ပေးပါရန်နှင့် ပြည်တွင်း၌သာမက နိုင်ငံတကာမှလည်း အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် သတ်မှတ်၍ အရေးယူပိတ်ဆို့ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားသင့်ပါကြောင်း သုံးသပ်ရရှိပါသည်။

၅။ သို့ဖြစ်ပါ၍ အကြမ်းဖက်သောင်းကျန်းသူများဖြစ်သည့် MNDAA၊ AA ၊ TNLA နှင့် ၎င်းတို့နှင့်ဆက်နွယ်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ လူမဆန်စွာ အကြမ်းဖက်ရက်စက်ယုတ်မာသည့် လုပ်ရပ်များကို မိမိတို့နိုင်ငံရေးပါတီများအနေဖြင့် သန်းပေါင်းများစွာသော ရဟန်း၊ ရှင်၊ လူ၊ ပြည်သူများကို ကိုယ်စားပြု၍ လုံးဝ(လုံးဝ) လက်မခံ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း အောက်တွင် လက်မှတ်ရေးထိုးသဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးငွေကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ | |
| ၄။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ | |
| ၅။ | ဦးဦးသန်းငွေ | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၆။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၇။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေး မဟာမိတ်များ အဖွဲ့ချုပ်ပါတီ | |
| ၈။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၉။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၀။ | ဒေါ်တင်တင်မာ | ဥက္ကဋ္ဌ | ဒီမိုကရက်တစ်အင်အားစု လေဘာပါတီ | |
| ၁၁။ | ဦးစိုင်းအောင်မြင့်ခိုင် | တွဲဖက် အတွင်းရေးမှူး | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) | |
| ၁၂။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၃။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြို့တိုင်းရင်းသား ဖွံ့ဖြိုးရေးပါတီ | |
| ၁၄။ | ဦးခိုင်မင်း | ဒုတိယဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီ ပါတီသစ် | |
| ၁၅။ | ဦးအောင်ဖြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွား တိုးတက်ရေးပါတီ | |
| ၁၆။ | ဦးအောင်ဘ | ဗဟို အလုပ်အမှုဆောင် | ခူမီး အမျိုးသားပါတီ | |
| ၁၇။ | ဒေါ်ဝင်းကေခိုင်အေး | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေး အားမာန်သစ်ပါတီ | |
| ၁၈။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ | |
| ၁၉။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၀။ | ဦးမြင့်သန်း | ဥက္ကဋ္ဌ | လေဘာပါတီ | |
| ၂၁။ | ဦးသန်းဦး | ဒုတိယဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသား လူငယ်များ (ပြည်ထောင်စု မြန်မာနိုင်ငံ)ပါတီ | |
| ၂၂။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေး အဖွဲ့ချုပ်ပါတီ | |
| ၂၃။ | ဦးပါစီပြည်ဟိန်း | ဥက္ကဋ္ဌ | လူထုပါတီ | |
| ၂၄။ | ဦးမင်းမျိုးတင့်လွင် | ဥက္ကဋ္ဌ | မွန်တိုးတက်ရေးပါတီ | |
| ၂၅။ | ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ | |



## သုံးခွမြို့နယ်၌ လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**သုံးခွ ဩဂုတ် ၄**

သုံးခွမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပန်းခင်းစီမံချက် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ယနေ့နံနက်ပိုင်းက ဆယ်ရွာကျေးရွာအုပ်စုသို့ ကွင်းဆင်းဆောင်ရွက်ပေးသည်။ (ဓာတ်ပုံ)

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သုံးခွမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးထွန်းဆွေ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက ဆယ်ရွာကျေးရွာအုပ်စုတွင် နေထိုင်သည့် ပြည်သူများကိုအိမ်ထောင်စုလူဦးရေစာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးပြီး နိုင်ငံသားစိစစ်ရေးကတ်များ ကိုင်ဆောင်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် မပျောက်ပျက်အောင် ထိန်းသိမ်းရမည့်နည်းလမ်းများကိုလည်း အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တိုစိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ

# ငါးပုစွန် မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ မြှင့်တင်နိုင်ရေးကြိုးပမ်း



**နေပြည်တော် ဩဂုတ် ၄**

အာဟာရပြည့်ဝသော စားရေရိက္ခာ တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် ငါးပုစွန်ကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ မြှင့်တင်နိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လိုက်လျောညီထွေစွာဆောင်ရွက်**

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက ငါးပုစွန်နှင့် ရေထွက်ကုန်များကို ပြည်တွင်း၌ ဖူလုံစွာစားသုံးနိုင်ရေးနှင့် ပို့ကုန်ကဏ္ဍမြှင့်တင်ပြီး နိုင်ငံခြားငွေ တိုးတက်ရှာဖွေနိုင်ရေးအတွက် ဌာနနှင့် ပုဂ္ဂလိကများအကြား ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ရေး၊ မွေးမြူထုတ်လုပ်မှုတိုးချဲ့ရေးနှင့် GAqP ခေတ်မီနည်းပညာအသုံးပြု ငါးပုစွန်မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာရန် လိုအပ်ချက်များ၊ ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများကို သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ တည်ဆဲဥပဒေများနှင့် အညီဖြစ်စေရေး လိုက်နာဆောင်ရွက်ရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားသည်။

**ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်**

ဆက်လက်၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ပြည်တွင်းစားသုံးမှုဖူလုံရေး၊ ပို့ကုန်တိုးမြှင့်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ငါးလုပ်ငန်းဦးစီးဌာနပိုင်မြေအား ငှားရမ်းဆောင်ရွက်လျက်ရှိသည့် First Golden Dragon Construction Co., Ltd သို့ ရောက်ရှိစစ်ဆေးရာ တာဝန်ရှိသူများက စီးပွားရေးဘက်စုံသုံး (Mixed Use Development Project) တည်ဆောက်နေမှု၊ ငါးလုပ်ငန်းဦးစီးဌာနအတွက် သုတေသနစင်တာ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ပုံစံငယ်များဖြင့် ရှင်းလင်းတင်ပြပြီး**(ဝဲပုံ)** ဒုတိယဝန်ကြီးက ရှိရင်းစွဲ သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များကို မထိခိုက်စေဘဲ သတ်မှတ်အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရေး ဆွေးနွေးမှာကြားပြီး သုတေသနစင်တာ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

**တိကျစွာလိုက်နာဆောင်ရွက်**

ထို့နောက် Fisheries and Marine Products 2000 Limited ငါးအအေးခန်းစက်ရုံ၏ ရေထွက်ပစ္စည်းများအား HACCP စနစ်နှင့်အညီ ဆောင်ရွက်နေမှု၊ အေးခဲပြုပြင်ထားသော ငါးပုစွန်များကို Saudi, Qatar, Kuwait, India, UAE, USA, Bahrain နိုင်ငံများသို့ တင်ပို့ရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက စက်ရုံအတွင်း သန့်ရှင်းရေး၊ ငါးလုပ်ငန်းဦးစီးဌာနက ညွှန်ကြားထားသည့် စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ကုန်ထုတ်လုပ်မှု၊ သိုလှောင်မှု၊ တင်ပို့မှုလုပ်ငန်းစဉ်များ တိကျစွာ လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း (ဒုတိယနေ့)ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၄**

တပ်မတော်တွင် သတ္တမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု ဒုတိယနေ့ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုတွင် လူနာဖြစ်သူ ဦးဇေယျာလတ်နှင့် ညီမဖြစ်သူ အသည်းအလှူရှင် မခင်ယွန်းဝတီလှိုင်တို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်ရာတွင် အသည်းအလှူရှင် လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၈ နာရီတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသောအသည်းကို ညနေ ၄ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်း အလှူရှင်လူနာနှင့် အသည်း လက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူ အရာရှိကြီးများက ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ (JLPT) ဖြေဆိုလိုသူများ Level အားလုံးအတွက် လျှောက်လွှာလျှောက်ထားနိုင်

**ရန်ကုန် ဩဂုတ် ၄**

၂၀၂၄ ခုနှစ် ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ (JLPT)အား ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ကျင်းပသွားမည်ဖြစ်သည်။ စာမေးပွဲဖြေဆိုလိုသူ ရန်ကုန်နှင့် မန္တလေးမြို့တို့အတွက် Online System ဖြင့် လျှောက်လွှာလက်ခံခြင်းကို Level N1 အတွက် ၂၀၂၄ ခုနှစ် ဩဂုတ် ၁၄၊ ၁၅၊ ၂၆ ရက်တွင်လည်းကောင်း၊ Level N2 အတွက် ဩဂုတ် ၁၄၊ ၁၅၊ ၂၆ ရက်တွင်လည်းကောင်း၊ Level N3 အတွက်ဩဂုတ် ၁၆၊၁၉၊၂၇ရက်တွင်လည်းကောင်း၊ Level N4 အတွက် ဩဂုတ် ၂၀၊ ၂၁၊ ၂၈ ရက်တွင်လည်းကောင်း ၊Level N5 အတွက် ဩဂုတ် ၂၂၊ ၂၃ ရက်တွင်လည်းကောင်း လျှောက်လွှာလက်ခံသည့် ရက်အတွင်း မွန်းလွဲအချိန်တွင် ဝင်ရောက်လျှောက်ထားနိုင်သည်။

ရန်ကုန်သင်တန်းကျောင်းများ အတွက် တစ်ကျောင်းလျှင် လျှောက်လွှာအစောင်ရေ အများဆုံး (၁၀၀) စောင်နှုန်းဖြင့် ရောင်းချသွားမည်ဖြစ်ပြီး မန္တလေးသင်တန်းကျောင်းများအတွက် တစ်ကျောင်းလျှင် လျှောက်လွှာအစောင်ရေအများဆုံး (၅၀)စောင်နှုန်းဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ရန်ကုန်စာဖြေဌာနအတွက် လျှောက်လွှာများကို ဩဂုတ် ၁၂၊ ၁၃ ရက်တွင် လည်းကောင်း၊ မန္တလေးစာဖြေဌာနအတွက် လျှောက်လွှာများကို ဩဂုတ် ၁၂၊ ၁၃ ရက်တွင်လည်းကောင်း ရောင်းချပေးမည်ဖြစ်သည်။

ရန်ကုန်စာဖြေဌာနအတွက် လျှောက်လွှာလက်ခံမည့်ကာလမှာ ဩဂုတ် ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၉၊ ၂၀ ရက်နှင့် မန္တလေးစာဖြေဌာန လျှောက်လွှာလက်ခံမည့်ကာလမှာ ဩဂုတ် ၁၄၊ ၁၅ ရက်တွင် လက်ခံမည်ဖြစ်သည်။ ရှင်သာမဏေ၊ ရဟန်းတော်၊ သီလရှင်နှင့် (၁၀)နှစ်အောက်ဖြေဆိုသူများအတွက် လျှောက်လွှာရောင်းချခြင်း၊ လက်ခံခြင်းတို့ကို Level အားလုံး အတွက် ဩဂုတ် ၁၂၊ ၁၃ ရက်တွင် ဆောင်ရွက်ပေးမည်ဖြစ်သည်။ Online System ဖြင့် သင်တန်းကျောင်းများအတွက် ရောင်းချခြင်း လက်ခံခြင်းနှင့် ရှင်သာမဏေ၊ ရဟန်းတော်၊ သီလရှင်၊ (၁၀) နှစ်အောက် ဖြေဆိုသူများအတွက် လျှောက်လွှာရောင်းချခြင်း၊ လက်ခံခြင်းစသည့် တစ်မျိုးစီအတွက် သီးသန့်အသေးစိတ်ရှင်းလင်းချက်များအား ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း JLPT စာမေးပွဲကျင်းပရေးကော်မတီ မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်း (MAJA) က အသိပေးထုတ်ပြန်ကြေညာထားသည်။

**မျိုးမင်းသူရ**

# တနင်္သာရီမြို့နယ် ပြည်သူ့ဆေးရုံနှင့် လမ်းများ၌ မြစ်ရေပြန်ကျသဖြင့် ကျန်ရှိသည့် ရွှံ့ညွန်နုန်းများကို စုပေါင်းသန့်ရှင်းရေးပြုလုပ်

**တနင်္သာရီ ဩဂုတ် ၄**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ ဇူလိုင်လ ဒုတိယရက်သတ္တပတ်မှစ၍ မိုးများသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် တနင်္သာရီ မြစ်ရေကြီးမှု ဖြစ်ပေါ်ခဲ့သည်။

သို့ပါ၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ထူး၏ ညွှန်ကြားမှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ ဝန်ထမ်းများ စုပေါင်း၍ မြစ်ရေပြန်ကျသဖြင့် မြို့ပေါ်ရပ်ကွက်များရှိ လမ်းများနှင့် မြို့နယ်ပြည်သူ့ဆေးရုံ လူနာဆောင်များအတွင်းရှိ ရွှံ့ညွန်နုန်းများနှင့် အမှိုက်သရိုက်များကို မီးသတ်ရေယာဉ်ဖြင့် ပက်ဖျန်းဆေးကြောပေး၍ သန့်ရှင်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



## မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်

အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား သာလွန်အင်အားဖြင့် ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ လူမဆန်စွာ ရက်ရက်စက်စက် ပစ်သတ်ခြင်းများကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူလူနာများ၊ လူနာစောင့်များ၊ ဆရာဝန်နှင့် သူနာပြုများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့တွင်းရပ်ကွက်များသို့လည်း ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်လျက် လူမှုဘဝများ ဆုံးရှုံးနေကြကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က စစ်ရေးနှင့် မသက်ဆိုင်သော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူနာများ တက်ရောက်ကုသမှုခံယူနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့မှု လုပ်ရပ်များ၊ စစ်ရေးနှင့် မသက်ဆိုင်သည့် လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှု လုပ်ရပ်များသည် စစ်ရာဇဝတ်မှု(War crime)ကို ကျူးလွန်နေခြင်းဖြစ်သောကြောင့် ၎င်းအကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းက လုံးဝ (လုံးဝ) လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း

## မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီသည် နိုင်ငံတော်အတွင်းရှိ ပြည်သူလူထုများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဘေးကင်းလုံခြုံပြီး အရည်အသွေးပြည့်မီစွာ ပြုစုစောင့်ရှောက်နိုင်ရန် အားပေးဆောင်ရွက်လျက်ရှိပါသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား MNDAA- အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများ၊ ရှော့တိုက်ဒုံးများ၊ Drone များနှင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင်တက်ရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု၊ ကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ကျန်းမာရေးဝန်ထမ်းများ ထိခိုက်သေဆုံးခြင်း၊ ဒဏ်ရာရခြင်း၊ အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသဖြင့် များစွာစိတ်မကောင်းဖြစ်ရပါသည်။

ယခုကဲ့သို့ နာမကျန်း၍ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူနေသော အပြစ်မဲ့ဒေသခံလူနာများနှင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ကျန်းမာရေးဝန်ထမ်းများအား ထိခိုက်နာကျင်မှု၊ သေဆုံးမှုများ ဖြစ်ပေါ်စေ၍ "လူသားချင်းစာနာထောက်ထားမှုမရှိသည့် အကြမ်းဖက်လုပ်ရပ်များအား လုံးဝလက်မခံ ကန့်ကွက်ပါကြောင်းနှင့် ရှုတ်ချပါကြောင်း" မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီမှ သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ

## မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများ ဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ဘေးကင်းသော ကျန်းမာရေးစောင့်ရှောက်မှုကို မည်သည့်အရပ်ဒေသ၊ မည်သည့်အခြေအနေတွင်မဆို ရယူခွင့်ရှိရပါမည်။

ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ဆေးရုံကို လက်နက်ဖြင့် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်း၊ လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများ ထိခိုက်သေဆုံးမှုဖြစ်စေခြင်း စသည်တို့အား မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းအနေဖြင့် လုံးဝဆန့်ကျင်ကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း

## မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်ရှိ တပ်မတော်ဆေးရုံကို အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သည့် ဆေးရုံအဆောက်အဦနေရာများသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် တက်ရောက်ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရမှုနှင့် MNDAA အကြမ်းဖက်သောင်းကျန်းသူများကြောင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသောကြောင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ

## မြန်မာနိုင်ငံဆေးကောင်စီ၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများ ဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထို့အပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့တွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ဆေးရုံများ၊ လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းကို မြန်မာနိုင်ငံဆေးကောင်စီက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ဤကဲ့သို့သော လုပ်ဆောင်မှုများကိုလည်း ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဆေးကောင်စီ

◆ ကျောဖုံးမှ

ထို့ပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရှိရသည်။

ယခုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု(War Crime) မြောက်သည့် လူမဆန်စွာရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များကို လုံးဝ လက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်းကို ယနေ့တွင် အသင်းအဖွဲ့များဖြစ်သည့် မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံပုဂ္ဂလိက ဆေးရုံများအသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီနှင့် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းတို့က သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## မကွေးမြို့၌ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေး ဆွေးနွေး

မကွေး ဩဂုတ် ၄

မကွေးမြို့၌ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေး ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တုရောင်းဝယ်သူများဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်ဆန်းက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဇော်မျိုးထွန်းက အိမ်ခြံမြေအကျိုးဆောင်များဆိုင်ရာ ညွှန်ကြားချက်အမှတ် (၁ / ၂၀၂၂) နှင့် အဖိုးတန်သတ္တုရောင်းဝယ်သူများဆိုင်ရာ ညွှန်ကြားချက်အမှတ် (၂ /၂၀၂၂) ကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်ဇော်က AML/CFT ဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဆိုင်ရာ တာဝန်ဝတ္တရားများနှင့် ပတ်သက်၍ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ဥပဒေအရာရှိ၊ မကွေးတိုင်းဒေသကြီး မြေစာရင်းဦးစီးမှူးနှင့် မကွေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးမှူးတို့က ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဌာနမှဆောင်ရွက်ရသည့် လုပ်ငန်းများကိုလည်းကောင်း ဆွေးနွေးပို့ချခဲ့ပြီး တက်ရောက်လာသည့် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းနှင့် အဖိုးတန်သတ္တုလုပ်ငန်း ရောင်းဝယ်သူများကို တာဝန်ရှိသူများက သင်တန်းဆင်း လက်မှတ်များ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

အောင်ကို(ဖန်ခါးမြေ)



## နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၄

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင် ယနေ့ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်မြို့နယ်များသို့ လှည့်လည်ကြည့်ရှု၍ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး၊ ထောက်ပံ့



**နေပြည်တော် ဩဂုတ် ၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့သည် ယနေ့နံနက်ပိုင်းတွင် သာပေါင်းမြို့သို့ သွားရောက်ပြီး အမှတ်(၃)ရပ်ကွက် ဝိသုဒ္ဓါရာမမြို့မကျောင်းဘုန်းကြီးကျောင်းတွင် ဖွင့်လှစ်ထားသည့် ရေဘေးရှောင်စခန်း၌ သာပေါင်မြို့နယ်အတွင်းရှိ ရေဘေးရှောင်စခန်း ၁၈ ခုမှ ဘေးသင့်ပြည်သူ ၈၉၄ ဦးအတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၈၀၄၆၀၀၀၀ နှင့်မြို့ပေါ်ရေဘေးရှောင်စခန်းများမှ ရေဘေးသင့်ပြည်သူ ၂၅၄ ဦးအတွက် ကြက်ဥ ၁၀၁၆ လုံးကိုလည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဆန်၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာနှင့် ရေသန့်တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်၍ ဘေးသင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးတို့ကို အထူးဂရုပြုနေထိုင်ကြရန်တို့ကို မှာကြားပြီး မြို့မကျောင်းဆရာတော်အား ဖူးမြော်၍ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပုသိမ်မြို့ သမိုင်းဝင်တာဝတိံသာ ဘုရားကြီးဝင်းအတွင်း ဖွင့်လှစ်ထားသည့် ရေဘေးရှောင်စခန်း၌ မြို့နယ်အတွင်းရှိ ရေဘေးရှောင်စခန်း ၁၇ ခုမှ ရေဘေးသင့်ပြည်သူ ၈၉၄ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၈၉၄၆၀၀၀၀ နှင့် မြို့ပေါ်ရေဘေးရှောင်စခန်းမှ ရေဘေးသင့်ပြည်သူ ၁၅၂ ဦးအတွက် ကြက်ဥ ၆၀၈ လုံးကိုလည်းကောင်း၊ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆန်၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာနှင့် ရေသန့်တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ပြီး နေ့စဉ်လူနေမှုဘဝ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် လိုအပ်ချက်များကို မေးမြန်းအားပေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေပုသိမ်ဧည့်ရိပ်သာ၌ ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ ရေကြည်မြို့နယ်၊ ကျောင်းကုန်းမြို့များအတွင်းရှိ အခြားသော ရေဘေးရှောင်စခန်းများရှိ ရေဘေးသင့်ပြည်သူများသို့ ထပ်မံထောက်ပံ့ရန် ဆန်ရိက္ခာဖိုးငွေကျပ် ၅၈၉၅၉၀၀၀ နှင့် ရောဝတီတိုင်းဒေသကြီးအတွင်းသို့ ရောက်ရှိနေသည့် နေရပ်စွန့်ခွာ ပြည်သူများကို နိုင်ငံတော်အကြီးအကဲ၏ အစီအမံဖြင့် ထောက်ပံ့သည့် ငွေကျပ် ၁၅၂၀၀၀၀ တန်ဖိုးရှိ Smart ကျား/မရုပ် အင်္ကျီအထည် ၁၀၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်သို့ လွှဲပြောင်းပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့၊ သာသနာ့ဗိမာန်သိမ်တော်ကြီးသို့ ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံကာ မြို့နယ်အတွင်းရှိ ရေဘေးရှောင်စခန်း ၄၁ ခုမှ ရေဘေးသင့်ပြည်သူ ၆၉၈ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၆၂၈၂၀၀၀ နှင့် ကြက်ဥ ၂၇၉၂ လုံးကိုလည်းကောင်း၊ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆန်၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာနှင့် ရေသန့်တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်၍ နှစ်စဉ် တွေ့ကြုံခံစားနေရသော ရေဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ နောင်နှစ်များတွင် ခံစားရမှုလျော့နည်း သက်သာစေရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထု၊ စေတနာရှင်များစသည်ဖြင့် အားလုံးဝိုင်းဝန်းဆောင်ရွက်ခြင်းဖြင့် ဘေးအန္တရာယ်များမှ ကြံ့ကြံ့ခံနိုင်သော ရပ်ရွာလူထုများ ဖြစ်ပေါ်စေရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်မှုများကို ရှင်းလင်းပြောကြားကာ လိုအပ်သည်များမေးမြန်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရောဝတီတိုင်းဒေသကြီးအတွင်း ယခု ၂၀၂၄ ခုနှစ် မုတ်သုံကာလ ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ထောက်ပံ့မှု စုစုပေါင်းမှာ ငွေကျပ်သိန်း ၁၅၀၀ ကျော်နှင့် နေရပ်စွန့်ခွာသူများအတွက် ငွေကျပ်သိန်း ၁၅၀ ကျော်တို့ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ *ရှေ့ဖုံးမှ*

အလှည့်ကျ ဖြန့်ဖြူးပေးနိုင်ရေးကြိုတင် အသိပေးခြင်းများ ဆောင်ရွက်သွားရန်၊ မီးသတ်ရေယာဉ်များဖြင့် ရေအဆက်မပြတ် သယ်ယူပို့ဆောင်ပေးရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းသား မိဘ ဆရာအသင်းမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ စုပေါင်း၍ သန့်ရှင်းရေးပြုလုပ်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စာသင်ခုံများ၊ ကျောင်းသုံး ပရိဘောဂများ ရေမြုပ်ပျက်စီးမှုများကို ချက်ချင်းပြင်ဆင်နိုင်ရေးနှင့် ကျောင်းတွင်းရှိ သောက်သုံးရေကန်များ၊ ရေတွင်းများကို ကလိုရင်းဆေးခတ်ခြင်းများ ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။ ယင်းနောက် ကျောင်းဘေးရှိ ကျုံးရေထွက်ပေါက်အား ကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေလမ်းကြောင်း ပိတ်ဆို့မှုမရှိစေရေး ကွင်းဆင်း စိစစ်ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေကြီးနစ်မြုပ်ခဲ့သည့် ပဲခူးမြို့နယ် မယင်းကျေးရွာသို့ သွားရောက်ပြီး တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်စိုးစိုးသက်၏ ဦးဆောင်မှုဖြင့် ရေကြီးနစ်မြုပ်ခဲ့သော ကျေးရွာနေပြည်သူများအား ငါးဟင်းချက်ပြုတ် လှူဒါန်းနေမှုကို ကြည့်ရှုအားပေးပြီး ကလေးငယ်များအတွက် အာဟာရမုန့်များ ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မယင်းကျေးရွာ၊ ဒက္ခိဏာရာမ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိခဲ့ပြီး ဦးစီးပဓာန နာယကဆရာတော်ကြီးအား ဖူးမြော်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒက္ခိဏာရာမဘုန်းတော်ကြီးကျောင်းရှိ ရေဘေးသင့် ပြည်သူများနှင့် တွေ့ဆုံ၍ ရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး စားသုံးကုန်များနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ တစ်ဦးချင်းစီအတွက် ဆန်ရိက္ခာဖိုးတစ်လစာ ထောက်ပံ့ပေးအပ်ခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက ပဲခူးမြို့ ကျောက်ကြီးစု ရပ်ကွက်အတွင်း ပဲခူးမြစ်ရေ ပြန်လည်ကျဆင်းနေမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၇၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဩဂုတ် ၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ် ၅ ရက်မှ ဩဂုတ် ၁၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၇၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# ရေသည် နိုင်ငံ့အရေးနှင့် ကျေးလက်ရေရရှိရေးမဟာဗျူဟာကို ဆန်းစစ်ခြင်း

ခန့်ဇော်(ကျေးလက်)

ကျေးလက်ဒေသများ၊ ကျောင်းများနှင့် ဆေးရုံဆေးခန်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ မဟာဗျူဟာကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ရေးဆွဲအတည်ပြုခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် ကုန်ကျစရိတ်ပါဝင်သည့် Costed Plan ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (၂၀၁၆-၂၀၃၀)ကို ၂၀၁၆ ခုနှစ်အောက်တိုဘာလတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ယခု သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် UNICEFတို့ပူးပေါင်း၍ အပိုင်း (၃) ပိုင်းခွဲပြီး လျာထားခဲ့ပါသည်။ အပိုင်း (၁)အနေဖြင့် (၂၀၁၇-၂၀၁၈) ခုနှစ်ကို အပြောင်းအလဲဆောင်ရွက်သည့်ကာလ၊ အပိုင်း (၂)အနေဖြင့် (၂၀၁၉-၂၀၂၃) ခုနှစ်သည် တိုးမြှင့်ဆောင်ရွက်သည့်ကာလနှင့် အပိုင်း(၃)အနေဖြင့် (၂၀၂၃-၂၀၃၀)ပြည့်နှစ်သည် အပြီးသတ်ဆောင်ရွက်မည့်ကာလဟူ၍ ရေးဆွဲသတ်မှတ်ခဲ့သည်။

**မဟာဗျူဟာအကောင်အထည်ဖော်ခြင်း**

မဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်မှာ ခုနစ်နှစ်ရှိခဲ့ပြီဖြစ်၍ မျှော်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်ခဲ့မှု အခြေအနေကို သိရှိရန်လိုအပ်သည့်အတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား သုံးသပ်တင်ပြရန် လမ်းညွှန်ချက်ပြုခဲ့ပါသည်။ သုံးသပ်ချက်များ ပြုလုပ်ရာတွင် ရေပေးရေးကဏ္ဍတစ်ခုတည်းကိုသာ အဓိက ဦးတည်ဆွေးနွေးသုံးသပ်ခဲ့ကြပြီး ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ရေရရှိမှု၊ ၂၀၁၉ ခုနှစ် သန်းခေါင်စာရင်းအရ ရေရရှိမှုနှင့် ၂၀၃၀ ပြည့်နှစ် မျှော်မှန်းချက်တို့အပေါ် အောက်ဖော်ပြပါအတိုင်း သုံးသပ်တွေ့ရှိရပါသည်-

| နှစ်အလိုက် မျှော်မှန်းချက် | ပိုက်လိုင်းရေ | အဝီစိတွင်း | အခြား သန့်ရှင်းသော အရင်းအမြစ် | သန့်ရှင်းသော အရင်းအမြစ် ပေါင်း | မသန့်ရှင်းသော အရင်းအမြစ် |
|---|---|---|---|---|---|
| ၂၀၃၀ ပြည့်နှစ် မျှော်မှန်းချက် | ၂၀ % | ၄၅% | ၃၅% | ၁၀၀ % | - |
| ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လွှမ်းခြုံမှု | ၆% | ၃၃% | ၂၂% | ၆၁% | ၃၉% |
| ၂၀၁၉ ခုနှစ် သန်းခေါင်စာရင်းအရ လွှမ်းခြုံမှု | ၁၈% | ၃၃% | ၂၆% | ၇၇% | ၂၃% |

၂၀၁၉ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံရှိ အိမ်ထောင်စုအားလုံး၏ ၈၁ ဒသမ ၆ ရာခိုင်နှုန်းသည် **အခြေခံစနစ်ရှိသော(အနိမ့်ဆုံး) သောက်သုံးရေဝန်ဆောင်မှုမှ** ရေကို သောက်ရေအဖြစ် ရရှိအသုံးပြုနေသည်ကိုတွေ့ရှိရပါသည်။ ထို့အပြင် အိမ်ထောင်စုအားလုံး၏ ၄၁ ဒသမ ၄ ရာခိုင်နှုန်းသည် သန့်ရှင်း၍ **ဘေးကင်းသောသောက်သုံးရေဝန်ဆောင်မှုမှ** ရရှိသောရေကို သောက်ရေအဖြစ် အသုံးပြုကြကြောင်း တွေ့ရှိရပါသည်။ **သန့်ရှင်း၍ ဘေးကင်းသောသောက်သုံးရေဝန်ဆောင်မှု** ဆိုသည်မှာ ကောင်းမွန်သော ရေအရင်းအမြစ်များမှ သောက်သုံးရေ ရရှိသောက်သုံးခြင်းဖြစ်ပြီး ထိုရေအရင်းအမြစ်များသည် မိမိအိမ်ဝင်းအတွင်း တည်ရှိပြီးလိုအပ်သည့်အချိန်တိုင်း ရေရသည့်အပြင် အီးကိုလိုင်းပိုးမွှားကင်းစင်ရပါမည်။ အိမ်ထောင်စုအားလုံး၏ ၄၀ ဒသမ ၃ ရာခိုင်နှုန်းသည် **အခြေခံစနစ်ရှိသော သောက်သုံးရေဝန်ဆောင်မှုမှ** ရရှိသောရေကို သောက်ရေအဖြစ် အသုံးပြုကြကြောင်းတွေ့ရှိရပါသည်။ အခြေခံစနစ်ရှိသော သောက်သုံးရေဝန်ဆောင်မှုဆိုသည်မှာ ကောင်းမွန်သောရေအရင်းအမြစ်များမှ သောက်သုံးရေရရှိသောက်သုံးခြင်းဖြစ်ပြီး ထိုရေအရင်းအမြစ်များသို့ ရေသွားရောက်ခပ်ယူရန်အတွက် မိနစ် ၃၀ အောက်သာ ကြာမြင့်ပါသည်။ အထက်ဖော်ပြပါ ဘေးကင်းသော သောက်သုံးရေ ဝန်ဆောင်မှု(Safely Managed) နှင့် **အခြေခံစနစ်ရှိသော သောက်သုံးရေဝန်ဆောင်မှု (Basic Service) အား ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ရရှိသုံးစွဲနိုင်ရေး ရည်ရွယ်ချက်ဖြင့် ကျေးလက်ရေရရှိရေး၊ ကျန်းမာသန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးမဟာဗျူဟာကို ရေးဆွဲပြုစု အတည်ပြုခဲ့ခြင်း ဖြစ်ပါသည်။**

**ကျေးလက်ဒေသများ ရေရရှိရေး၊ ကျန်းမာသန့်ရှင်းရေးနှင့်၊ တစ်ကိုယ်ရေသန့်ရှင်းရေး မဟာဗျူဟာ(၂၀၁၅-၂၀၃၀)အရ** ၂၀၃၀ ပြည့်နှစ်တွင် သန့်ရှင်းသော သောက်သုံးရေနှင့် အခြေခံသောက်သုံးရေဝန်ဆောင်မှုရရှိရန် မဟာဗျူဟာရည်မှန်းချက်အနေဖြင့်-

(က) ၂၀၁၅ ခုနှစ်တွင် ၆၁%
(ခ) ၂၀၂၀ ပြည့်နှစ်တွင် ၇၀%
(ဂ) ၂၀၂၅ ခုနှစ်တွင် ၈၅%
(ဃ) ၂၀၃၀ ပြည့်နှစ်တွင် ၁၀၀% ပြည့်မီအောင် ဆောင်ရွက်သွားရန် မျှော်မှန်းလျာထားခဲ့ခြင်း ဖြစ်ပါသည်။

**ကျေးလက်ရေရရှိရေး ဘက်စုံစီမံကိန်းအသွင်**

ကျေးလက်ရေရရှိရေးကို ဘက်စုံစီမံကိန်းအသွင်ဖြင့် ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ထောက်ပံ့ရန်ပုံငွေရရှိမှုနှင့် စီမံကိန်းလုပ်ငန်းများမှ ရန်ပုံငွေထည့်ဝင်မှုများရှိပါသည်။ နိုင်ငံတော်မှ (၂၀၁၉-၂၀၂၀) ပြည့်နှစ်မှ (၂၀၂၃-၂၀၂၄) ဘဏ္ဍာနှစ်အထိ ငါးနှစ်တာကာလအတွင်း ခွင့်ပြုရန်ပုံငွေအနေဖြင့် ကျပ် ၂၄၆ ဒသမ ၈ ဘီလီယံ၊ စီမံကိန်းလုပ်ငန်းများဖြစ်သည့် UNICEF ၏ ထောက်ပံ့ရေးရန်ပုံငွေ၊ Central Dry Zone Project၊ Eastern State Agribusiness Project၊ Western State Agribusiness Project၊ အလှူရှင်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ Village Development Plan Project၊ Mekong-Lancang Cooperation Special Fund Project တို့မှ (၂၀၁၉-၂၀၂၀) ပြည့်နှစ်မှ (၂၀၂၃-၂၀၂၄) ဘဏ္ဍာနှစ်အထိ ငါးနှစ်တာကာလအတွင်း ထည့်ဝင်သည့် ရန်ပုံငွေကျပ် ၃ ဒသမ ၁ ဘီလီယံခန့် ရရှိခဲ့ပါသည်။ ထို့ကြောင့် ကျေးလက်ရေရရှိရေးကဏ္ဍတွင် ဘက်စုံစီမံကိန်းအသွင်ဖြင့် ရန်ပုံငွေရရှိ/ထည့်ဝင်မှုများအရ နှစ်စဉ်ပျမ်းမျှကျပ် ၅၅ ဒသမ ၅ ဘီလီယံခန့် အသုံးပြုဆောင်ရွက်လျက်ရှိပြီး ရေပေးရေးလုပ်ငန်း ဘတ်ဂျက်တစ်ခုတည်းဖြင့်ဆိုပါက ရည်မှန်းချက်ပြည့်မီရန်ခက်ခဲကြောင်း တွေ့ရှိရပါသည်။

**ကျေးလက်ရေရရှိရေး လွှမ်းခြုံမှုအခြေအနေ**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် RWS-MIS Rural Water Supply, Monitoring and Informatics System စနစ်ဖြင့် မြေပြင်တွင် ရေရရှိရေးအခြေအနေ၊ ရေလိုအပ်ချက် အခြေအနေများကို နှစ်စဉ်ပုံမှန်ကောက်ယူလျက်ရှိသည့်အပြင် ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးစီမံကိန်းများအတွက်လည်း ကျွဲကူးရေပါဖြစ်စေရန် ကျေးရွာများသို့ရောက်တိုင်း ရေရရှိမှုအခြေအနေများကို ပုံမှန်မှတ်တမ်းပြုကောက်ယူ ဆောင်ရွက်လျက်ရှိပါသည်။ ကောက်ယူရရှိသော အချက်အလက်များအရ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရေလွှမ်းခြုံမှုအခြေအနေမှာ ၈၉ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် သန်းခေါင်စာရင်းနှင့် စောင့်ကြည့်ချိန်ညှိကြည့်ရမည် ဖြစ်ပါသည်။


တစ်နိုင်ငံလုံးအတိုင်းအတာအရ စနစ်အလိုက် လွှမ်းခြုံမှုအနေဖြင့်-

| | |
|---|---|
| အများသုံးရေတိုင် ရေပိုက်လိုင်းစနစ် | - ၁၈ ရာခိုင်နှုန်း |
| အဝီစိစက်ရေတွင်းစနစ် | - ၃၂ ရာခိုင်နှုန်း |
| အခြားအဆင့်မြှင့် ရေပင်ရင်းများ | - ၃၉ ရာခိုင်နှုန်း |
| **စုစုပေါင်း** | **- ၈၉ ရာခိုင်နှုန်း** |

Share of the population with access to safety managed drinking water in East and South-east Asia in 2022, by country or territory အချက်အလက်များအရ အရှေ့နှင့် အရှေ့တောင် အာရှနိုင်ငံများ၏ (၂၀၂၂) ခုနှစ် စစ်တမ်းတွင် မြန်မာနိုင်ငံ၏ **သန့်ရှင်းသောသောက်သုံးရေဝန်ဆောင်မှုရရှိမှုအခြေအနေ** (Safely Managed Drinking Water Service)- သန့်ရှင်းသော သောက်သုံးရေဝန်ဆောင်မှုရရှိသည့် လူဦးရေသည် ကျေးလက်နှင့် မြို့ပြအပါအဝင် စုစုပေါင်း လူဦးရေ၏ ၅၇ ရာခိုင်နှုန်းဖြင့် အဆင့်(၉)တွင် ရှိကြောင်း လေ့လာတွေ့ရှိရပြီး **အခြေခံသောက်သုံးရေဝန်ဆောင်မှု**ရရှိသည့်အခြေအနေကိုမူ ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။


*စာမျက်နှာ ၁၁ သို့*

၂၀၁၉ သန်းခေါင်စာရင်း အရ သောက်သုံးရေဝန်ဆောင်မှု ရရှိသုံးစွဲမှု အခြေအနေ





Source: Inter Census (2019)

ကျေးလက်ရေရရှိရေးကို ဘက်စုံစီမံကိန်းအသွင်ဖြင့် ဆောင်ရွက်ရာတွင် ၂၀၁၉-၂၀၂၀ မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ ရန်ပုံငွေအသုံးပြုမှု။




အရှေ့နှင့်အရှေ့တောင်အာရှနိုင်ငံများ၏ သန့်ရှင်းသော သောက်သုံးရေဝန်ဆောင်မှု ရရှိမှုအခြေအနေ စစ်တမ်း(၂၀၂၂ခုနှစ်)။






## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက် အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေး ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသိပညာပေးဗီနိုင်းများချိတ်ဆွဲခြင်း၊ လက်ကိုင်စပီကာများဖြင့် အသိပေးနှိုးဆော်ခြင်းများကို မြို့နယ်အတွင်းရှိ ဈေးများ၊ ရပ်ကွက်များ၊ အခြေခံပညာကျောင်းများ စသည့် လူစည်ကားသည့်နေရာများတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ယမန်နေ့က (၃၇)ရပ်ကွက် စည်ပင်သာယာဝန်ထမ်းအိမ်ရာဝင်းတွင် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များဖြင့် Doxycycline ဆေးများပေးဝေခြင်း၊ သောက်ရေသုံးရေကန်များတွင် ကလိုရင်းဆေးခတ်ပေးခြင်း၊ ဝန်ထမ်းများအား အသိပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **သန်းထိုက်**



*စာမျက်နှာ ၁၀ မှ*

**မဟာဗျူဟာကို အကောင်အထည်ဖော်မှုအပေါ် ပြန်လည်သုံးသပ်မှုအရ အောက်ပါအတိုင်း သုံးသပ်တွေ့ရှိရပါသည်-**

၁။ ၂၀၃၀ ပြည့်နှစ်တွင် ၁၀၀ ရာခိုင်နှုန်း လွှမ်းခြုံရန်အတွက်ဆိုလျှင် နှစ်စဉ်ရန်ပုံငွေ ၁၀၀ ဘီလီယံခန့် လိုအပ်ပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှ ဘတ်ဂျက် လျာထားနိုင်မည်ဖြစ်၍ ပြည်သူအားလုံး ငြိမ်းချမ်းရေးအတွက် စဉ်းစားရပါမည်။

၂။ နိုင်ငံတော်ဘတ်ဂျက်၊ ပြည်တွင်းအလှူရှင်များ၊ ပြည်သူများ၏ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ပါသည်။

၃။ လုံခြုံရေးနှင့် ဒေသတည်ငြိမ်အေးချမ်းမှု မရှိလျှင် မဆောင်ရွက်နိုင်ပါ။ ပြည်သူများ/အဖွဲ့အစည်းများအားလုံး နားလည်သိရှိရန်လည်း လိုအပ်ပါသည်။ "Water For All" ရေသည် လူသားအားလုံးအတွက် ဖြစ်ပါသည်။

၄။ ရေအရင်းအမြစ်များ ထိန်းသိမ်းနိုင်ရန် သက်ဆိုင်ရာဦးစီးဌာနများ၊ ပြည်သူများနှင့်အတူ အသိပညာပေးခြင်းနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့ တိုးချဲ့လုပ်ဆောင်ရန် လိုအပ်ပါသည်။

၅။ တိုးတက်ပြောင်းလဲလာသည့် နည်းပညာများကို အသုံးပြုရန် လိုအပ်ပါသည်။

၆။ ဒီဇယ်၊ လျှပ်စစ်မီးရရှိမှုသည် ကန့်သတ်ချက်ဖြစ်၍ ဆိုလာစနစ်အပါအဝင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို အသုံးချပြီး လျှပ်စစ်စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းရန် လိုအပ်ပါသည်။

၇။ ရေကော်မတီက ကိုယ်အားကိုယ်ကိုးပြီး ရေဖိုးရေခစနစ်ကောက်ခံ၍ စဉ်ဆက်မပြတ် ပြင်ဆင်ထိန်းသိမ်းနိုင်ရေး စီမံဆောင်ရွက်ရန် လိုအပ်ပါသည်။

၈။ အရေးပေါ်သဘာဝဘေးကာလ ကြုံကြိုက်လာပါက လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့် သဘာဝဘေးအန္တရာယ်များအတွက် အစီအမံများ ရေးဆွဲထားရှိရန်လည်း လိုအပ်ပါသည်။

၉။ ရေကိုတန်ဖိုးထားတတ်ရန်နှင့် ရေချွေတာရေးကိုလည်း စဉ်ဆက်မပြတ် အသိပညာပေးရန် လိုအပ်ပါသည်။

**❂ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ဒေသဖွံ့ဖြိုးရေးပြုလုပ်နိုင်မည်ဖြစ်ခြင်း၊ ရာသီဥတုပြောင်းလဲမှုများကြောင့် မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်များ ကျရောက်တတ်ခြင်းနှင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘတ်ဂျက်ခွဲဝေရရှိမှု ကန့်သတ်ချက်ရှိခြင်းတို့သည် အဓိကကြုံတွေ့ရသည့် စိန်ခေါ်မှုများဖြစ်**

**❂ ရေသည်စွမ်းအင်၊ ရေနှင့်စွမ်းအင်သည် နိုင်ငံ့အရေး၊ နိုင်ငံသားများ၏အရေး၊ ရေနိုင်ငံရေးအဖြစ် တွေ့မြင်သုံးသပ်မိပါသည်။ ရေသည် ပြည်သူ့ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းနှင့် နိုင်ငံတော်လုံခြုံရေးအပါအဝင် နိုင်ငံတစ်နိုင်ငံ၏ သာယာဝပြောရေးကဏ္ဍများစွာနှင့် ဆက်စပ်နေသောကြောင့် ရေသည် အရေးကြီးသော အမျိုးသားရေးကိစ္စလည်းဖြစ်**

**မျှော်မှန်းချက် ပြည့်မီရေး တွေ့ရှိရသည့်စိန်ခေါ်မှုများ**

နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ဒေသဖွံ့ဖြိုးရေးပြုလုပ်နိုင်မည်ဖြစ်ခြင်း၊ ရာသီဥတုပြောင်းလဲမှုများကြောင့် မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်များ ကျရောက်တတ်ခြင်းနှင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဘတ်ဂျက်ခွဲဝေရရှိမှု ကန့်သတ်ချက်ရှိခြင်းတို့သည် အဓိကကြုံတွေ့ရသည့် စိန်ခေါ်မှုများဖြစ်ပါသည်။

**ကျေးရွာအဆင့် စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်**

ရေနှင့်ကျန်းမာသန့်ရှင်းမှုအကြောင်း ပြောလျှင် အမှိုက်စနစ်ကို ချန်လှပ်ထား၍ မရနိုင်ပေ။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်သော ကျေးရွာများတွင် အသိပညာပေးစည်းရုံးပြီး စံပြကျေးရွာများတွင် မဖြစ်မနေ ပတ်ဝန်းကျင်သန့်ရှင်းရေးကို ထိန်းသိမ်းရန်အတွက် အမှိုက်စီမံခန့်ခွဲမှုစနစ်၊ အမှိုက်သိမ်းစနစ်များကို စနစ်တကျ ထည့်သွင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ စံပြကျေးရွာမဟုတ်သော ကျေးရွာများတွင်လည်း ၎င်းတို့၏ စိတ်အားထက်သန်မှု၊ အများအကျိုးဆောင်ရွက်လိုသူများကို ကော်မတီမှ ဦးဆောင်စေပြီး လူငယ်များ၊ ကျောင်းသား ကျောင်းသူများအပါအဝင် အပတ်စဉ်/နေ့စဉ် ပုံမှန်အမှိုက်သိမ်းသည့်စနစ်ကို ဆောင်ရွက်စေလျက်ရှိရာ ကျေးရွာပေါင်း ၆၄၅၁ ရွာအထိ ပုံမှန်အမှိုက်သိမ်းစနစ် ရှိနေပြီဖြစ်ပေသည်။ ဆောင်ရွက်နိုင်မှုကို ဦးစီးဌာနမှ ပြည်နယ်/တိုင်းဒေသကြီးအလိုက်ဆုပေးပြီး အသိအမှတ်ပြုနေသလို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအကောင်းဆုံးဆုရ ကျေးရွာများကို ဆုပေးလျက်ရှိပါသည်။

**ရေသည်နိုင်ငံ့အရေး**

စာရေးသူအနေဖြင့် မိမိတို့ဝန်ကြီးဌာနမှ တာဝန်ရှိသော သောက်သုံးရေရရှိရေးနှင့် ပေါင်းစပ်တာဝန်ရှိသော စိုက်ပျိုးရေရရှိရေးကို ဆောင်ရွက်ရင်း ရေအရင်းအမြစ်၊ ရေကဏ္ဍကျယ်ပြန့်မှုနှင့် ရေအရေးပါပုံ၊ ရေအရေးကြီးပုံများကို စဉ်းစားမိသည်က ရေသည်စွမ်းအင်၊ ရေနှင့်စွမ်းအင်သည် နိုင်ငံ့အရေး၊ နိုင်ငံသားများ၏အရေး၊ ရေနိုင်ငံရေးအဖြစ် တွေ့မြင်သုံးသပ်မိပါသည်။ ရေသည် ပြည်သူ့ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းနှင့် နိုင်ငံတော်လုံခြုံရေးအပါအဝင် နိုင်ငံတစ်နိုင်ငံ၏ သာယာဝပြောရေးကဏ္ဍများစွာနှင့် ဆက်စပ်နေသောကြောင့် ရေသည် အရေးကြီးသော အမျိုးသားရေးကိစ္စလည်း ဖြစ်ပါသည်။ ထို့အပြင် ရေသည် စွမ်းအင်ထုတ်လုပ်မှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတို့တွင်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေကြောင်းကို ဤသို့တွေ့ရှိရပါသည်-

(က) ရေအားလျှပ်စစ်ထုတ်လုပ်မှု၊

( ခ ) အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများ၊

( ဂ ) ဇီဝစွမ်းအင်ထုတ်လုပ်ခြင်း၊

(ဃ) ဟိုက်ဒရိုဂျင်ထုတ်လုပ်မှု၊

( င ) ဘူမိအပူပေးစွမ်းအင်၊

( စ ) လှိုင်းနှင့် ဒီရေစွမ်းအင်ထုတ်လုပ်မှုတို့တွင် ရေသည် များစွာအရေးပါပြီး ရေနှင့် စွမ်းအင် အရင်းအမြစ် နှစ်ခုလုံးကို ရေရှည်တည်တံ့ပြီး အကျိုးရှိစွာအသုံးပြုနိုင်မှုသေချာစေရန်မှာ ပေါင်းစပ်စီမံခန့်ခွဲမှုဗျူဟာများ၏အရေးပါမှုကို မီးမောင်းထိုးပြနေသည့် အချက်ပင်ဖြစ်သည်။ ယခုခေတ်အခါတွင် ကမ္ဘာ့စွမ်းအင်လိုအပ်ချက် ကြီးမားလာမှုနှင့်အမျှ တစ်ဖက်တွင်လည်း ရာသီဥတုဖောက်ပြန်၍ ရေရရှိနိုင်မှုအပေါ် သက်ရောက်မှုများရှိလာခြင်းကြောင့် ရေနှင့် စွမ်းအင်တို့ကြား အချိုးညီမျှစွာ အသုံးချနိုင်ရန် အမျိုးသားစီမံကိန်းနှင့် မူဝါဒများချမှတ်ခြင်းသည် ပိုမိုအရေးပါလာခဲ့သည်။ ထို့မှတစ်ဖန် စွမ်းအင်နှင့်လျှပ်စစ်သည် ရေကဲ့သို့ပင် နိုင်ငံ့အရေး၊ နိုင်ငံရေးတို့နှင့် နက်ရှိုင်းစွာ ဆက်စပ်နေသည်ကို တွေ့ရှိရပေသည်။ *(ဆက်လက်ဖော်ပြပါမည်)*

# နိုင်ငံသားတစ်ဦးအနေဖြင့် နိုင်ငံ၏ဥပဒေရေးရာများကို သေချာစွာသိရှိနားလည်ပြီး နိုင်ငံ့တာဝန်ကျေပွန်စေရန် ဆောင်ရွက်ရမည်

**တောင်ကြီး ဩဂုတ် ၄**

နိုင်ငံ၏အနာဂတ်ဖြစ်သော လူငယ်များကို နိုင်ငံ၏အသက်ဖြစ်သည့် ဥပဒေအသိပညာများ ပြန့်ပွားစေရန်နှင့် လူငယ်၊ ကျောင်းသား ကျောင်းသူများကို ဥပဒေနှင့်ပတ်သက်သော အသိပညာများ သိရှိလိုက်နာစေရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ် ဥပဒေချုပ်ရုံး၊ တောင်ကြီးတက္ကသိုလ်၊ တောင်ကြီးပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်းကျင်းပသည့် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ် (၄/၂၀၂၄) ကို ဩဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီက တောင်ကြီးပညာရေးဒီဂရီကောလိပ် ကမ္ဘောဇခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ဆရာအတတ်ပညာ ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဖြစ်လာသည့်အခါ ဥပဒေရေးရာအသိပညာများကို သိရှိပြီး လေးစားလိုက်နာဆောင်ရွက်နိုင်ရန် အထူးလိုအပ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများသည် နိုင်ငံသားတစ်ဦးအနေဖြင့် နိုင်ငံ၏ဥပဒေရေးရာများကို သေချာစွာသိရှိနားလည်ပြီး နိုင်ငံ့တာဝန်ကျေပွန်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏အနာဂတ်ဖြစ်သည့် လူငယ်များကို ဥပဒေအသိပညာများ ပြန့်ပွားစေရန် ပို့ချပေးမည့် ရှမ်းပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်ဥပဒေချုပ်ရုံးမှ ပညာရှင်များ၊ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ်နှင့် တောင်ကြီးတက္ကသိုလ်ဥပဒေပညာဌာနမှ ပါမောက္ခဆရာမကြီးတို့ကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းပို့ချပေးမည့် ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ဥပဒေချုပ်ရုံးနှင့် တောင်ကြီးတက္ကသိုလ် ဥပဒေပညာရှင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၄/၂၀၂၄)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ၊ ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးဘာသာရပ်များကို ဩဂုတ် ၃ ရက်မှ ၁၀ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ယူရီးယားဓာတ်မြေဩဇာများကို သတ်မှတ်ဈေးနှုန်းဖြင့် မိုးစပါးစိုက်တောင်သူများအား ဖြန့်ဖြူးပေး

**ဖြူး ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီ မိုးစပါးစိုက်တောင်သူများအား ယူရီးယားဓာတ်မြေဩဇာကို နိုင်ငံတော်မှ သတ်မှတ်ထားသောဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးခြင်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဖြူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောမင်းသူက စိုက်ပျိုးမှုပန်းတိုင်အထွက်နှုန်းပြည့်မီရေး ပူးပေါင်းကြိုးစားဆောင်ရွက်ပေးကြရန်နှင့် ကုန်ကျစရိတ်သက်သာပြီး လယ်ယာမြေအတွက် ရေရှည်အကျိုးပြုနိုင်သည့် သစ်စိမ်းမြေဩဇာ၊ သဘာဝမြေဩဇာများကို စနစ်တကျထည့်သွင်းအသုံးပြုကြရန်လိုကြောင်း ရှင်းလင်းပြောကြားပြီး ဖြူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးအောင်ကိုလတ်က သစ်စိမ်းမြေဩဇာ စိုက်ပျိုးနည်းစနစ်များနှင့် အကျိုးကျေးဇူး များကို အသိပညာပေး ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်စိုက်ပျိုးညှိနှိုင်း ကြီးကြပ်ရေးကော်မတီများ၊ ဌာနဆိုင်ရာများက ကျေးရွာအုပ်စု ၁၃ အုပ်စု၊ မိုးစပါးစိုက်ဧက ၁၉၁၄၉ ဧကအတွက် ယူရီးယားဓာတ်မြေဩဇာ ၆၅၃ အိတ်ကို နိုင်ငံတော်မှ သတ်မှတ်ထားသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကျွဲနွားတိရစ္ဆာန်အစာ ဧက ၃၀၄၀ စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကျွဲနွားတိရစ္ဆာန်အစာပင် ဧက ၃၀၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကျွဲနွားတိရစ္ဆာန်အစာပင် ၂၄၃၄ ဧက စိုက်ပျိုးရန်လျာထားရှိပြီး ဒေသခံတောင်သူများက သတ်မှတ်လျာထားဧက ပြည့်မီအောင် စိုက်ပျိုးပြီးစီးနိုင်ရေးအတွက် ဇွန်လမှစကာ ကျွဲနွားတိရစ္ဆာန်အစာများဖြစ်သည့် နှံစားပြောင်း၊ နေပီယာမြက်၊ ပဲသီးနှံများကို စိုက်ပျိုးခဲ့ရာ ယနေ့အထိ ဧက ၃၀၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ကျွဲနွားတိရစ္ဆာန်အစာဖူလုံစေရန် မိုးသီးနှံနှင့် ဆောင်းသီးနှံစိုက်ပျိုးရာသီချိန်တွင် မဲဇလီရေလွှဲဆည်ရေနှင့် မြေအောက်ရေတို့ဖြင့် နှံစားပြောင်း၊ ပဲမျိုးစုံ၊ နေပီယာနှင့် ဖူးစားပြောင်းတို့ကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများ သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုရှိစေရန် စိုက်ပျိုးရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေးနှင့် သဘာဝသွင်းအားစုပစ္စည်း ပြုလုပ်သုံးစွဲပုံနည်းစနစ်များ လက်တွေ့သရုပ်ပြသခြင်း၊ သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး နည်းပညာပေးခြင်း စသည့်တောင်သူများ သိရှိလိုက်နာရမည့် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## ပေါင်မြို့နယ်၌ နဂါးမောက်သီးစိုက်ပျိုးကြသူများ အောင်မြင်ဖြစ်ထွန်း၍ မိသားစုအပိုဝင်ငွေရရှိ

**ပေါင် ဩဂုတ် ၄**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ဥယျာဉ်ခြံမြေများနှင့် နေအိမ်များအတွင်း မြေကွက်လပ်များတွင် တစ်ပိုင်တစ်နိုင် နဂါးမောက်သီးနှံစိုက်ပျိုး လုပ်ကိုင်ကြသူများ ဖြစ်ထွန်းအောင်မြင်ပြီး မိသားစုအပိုဝင်ငွေရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း ပေါင်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံမှ သိရသည်။



နဂါးမောက်သီးနှံသည်ကျန်းမာရေးနှင့် ညီညွတ်သော သီးနှံဖြစ်သည့်အတွက် ပြည်သူများက အကြိုက်တွေ့ကာ ဝယ်ယူစားသုံးကြကြောင်း၊ နဂါးမောက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းသည် ရာသီဥတု စိုစွတ်အေးမြသောနေရာတွင်သာ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုရှိကြောင်း၊ စိုက်ပျိုးပြီးတစ်နှစ်အကြာတွင် ရောင်းတမ်းဝင် နဂါးမောက်သီးများကို စတင်ဆွတ်ခူး ရောင်းချရကြောင်းနှင့် တစ်နှစ်လျှင် ငါးကြိမ်ခန့် အသီးများ လှိုင်လှိုင်သီးကြောင်း အလုပ်ကျေးရွာမှ တစ်ပိုင်တစ်နိုင် နဂါးမောက်သီးနှံ စိုက်ပျိုးသည့် ဒေသခံ တောင်သူတစ်ဦးက ပြောသည်။

နဂါးမောက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းသည် နှစ်ရှည်သီးနှံဖြစ်၍ ဂရုတစိုက် ပြုစုပျိုးထောင်စိုက်ပျိုးပါက မိသားစုဝင်ငွေတိုးပွားစေမည့် စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ စိုက်ပျိုးရာတွင် အတန်းလိုက်စိုက်ပျိုးရပြီး တစ်ပင်နှင့်တစ်ပင် အနည်းဆုံး ခြောက်ပေကွာ စိုက်ပျိုးလေ့ရှိကြောင်း၊ အသီးအပွင့်များ စတင်ထွက်ရှိလာပါက စင်များပြုလုပ်ပေးရကြောင်း၊ နဂါးမောက်သီးတွင် အဖြူသီးနှင့် အနီသီးဟူ၍ နှစ်မျိုးရှိပြီး အဖြူသီးသည် ချိုပြီးအရသာရှိကာ အနီသီးသည် ကျန်းမာရေးအတွက် ဆေးဖက်ဝင်၍ ပုံမှန်မှီဝဲစားသုံးပါက အစာချေဖျက်အားကောင်းပြီး ဆီး၊ ဝမ်းမှန်စေသည့်အပြင် သွေးတိုး၊ ဆီးချိုရောဂါရှိသူများ စားသုံးပါက ကျန်းမာရေးကောင်းမွန်စေကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

## ဟဲဟိုးမြို့မှ ထွက်ရှိသည့် ပဲထောပတ်များကို မန္တလေးမှ မှာယူမှုများပြား

**ရန်ကုန် ဩဂုတ် ၄**

ရှမ်းပြည်နယ်တောင်ပိုင်း ဟဲဟိုးမြို့နယ်မှထွက်ရှိသည့် ပဲထောပတ်များကို မန္တလေးမှ မှာယူမှုပိုများကြောင်း ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်မှ သိရသည်။

ပဲထောပတ်မှာ ယခု ဩဂုတ်လအတွင်း၌ စတင်ထွက်ပေါ်လာသည့် ပဲဖြစ်သည်။

“ဒီမှာတော့ ဈေးနည်းနည်းကောင်းတယ်။ ပဲထောပတ်က ဒီလစပေါ်တာပေါ့။ ဈေးကောင်းရတယ်။ ဒါပေမယ့် တဖြည်းဖြည်းနဲ့ ဈေးကလျှော့လာမှာ။ စားသုံးမှုများတဲ့အထဲမှာပါတယ်။ ပဲထောပတ်ကို မန္တလေးက အတော်ဝယ်ကြတယ်” ဟု ဟဲဟိုးမြို့နယ်ရှိ ရွှေဖူးရှမ်းကုန်ရောင်းဝယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် ယခုနှစ်မှာ ယခင်နှစ်ကထက် ပဲထွက်ရှိမှုနောက်ကျသဖြင့် ပဲဈေးနှုန်းပိုမိုကောင်းမွန်လာသော်လည်း လာမည့်လများတွင် ပဲဈေးနှုန်းများ လျော့လာမည်ဖြစ်ကြောင်း ဟဲဟိုးမြို့နယ် ပဲမျိုးစုံဈေးကွက်အတွင်းမှ သိရသည်။

ဒီနှစ်က ပဲထွက်နောက်ကျတယ်။ အရင်နှစ်ကဒီအချိန်ဆို ဘိုကိတ်ပဲက တော်တော်လှိုင်နေပြီ။ ဒီနှစ်က အထွက်နောက်ကျတာ။ အဲ့ဒါကြောင့် ဈေးလည်းကောင်းတယ် ။ ရှေ့လာမယ်လတွေဆို ဈေးလျှော့ဖို့ရှိတယ်၊ ရန်ကုန်ကတော့ ပဲထောပတ် သိပ်မစားဘူးဗျ။ ရန်ကုန်သုံးတာက ဘိုကိတ်ပဲကို စားတာများတယ်" ဟု ၄င်းက ဆိုသည်။ **Thit Taw**



ဟဲဟိုးမြို့ထွက် ပဲထောပတ်။

# လွတ်လပ်သောကုန်သွယ်မှု၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုနှင့် ရာသီဥတုပြောင်းလဲမှု တုံ့ပြန်ရေးဆိုင်ရာများအရှိန်မြှင့်လုပ်ဆောင်ရန် အေပက်ခေါင်းဆောင်များ တောင်းဆို

တိုကျို ဩဂုတ် ၄

**အာရှ – ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်(အေပက်) စီးပွားရေးခေါင်းဆောင်များသည် လွတ်လပ်သောကုန်သွယ်မှုဆိုင်ရာများ၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများကို အရှိန်မြှင့်လုပ်ဆောင်ရန် တောင်းဆိုလိုက်သည်။**



အေပက်စီးပွားရေးအကြံပေးကောင်စီ (အေဘီအေစီ)သည် တိုကျိုမြို့၌ ဩဂုတ် ၁ ရက်မှ ၄ ရက်အထိ ကျင်းပသည့် အစည်းအဝေးအပြီးတွင် အဖွဲ့ဝင် ၂၁ နိုင်ငံမှ ကိုယ်စားလှယ်များ၏ ဒေသတွင်း စီးပွားရေးပေါင်းစည်းမှုနှင့် ရေရှည်တည်တံ့ရေးအတွက် အကြံပြုဆွေးနွေးချက်များကို ထုတ်ပြန်သည်။

အာရှ–ပစိဖိတ်ဒေသ လွတ်လပ်သောကုန်သွယ်မှုစနစ်တွင် ဒစ်ဂျစ်တယ်စီးပွားရေးစနစ် ချဲ့ထွင်လာသည်နှင့်အမျှ သွင်းကုန်အပေါ်စည်းကြပ်သည့် ထပ်ဆောင်းခွန်ကောက်ခံမှုကို တားဆီးရန်အတွက် လုပ်ထုံးလုပ်နည်းများ ဖန်တီးရန်၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုကို မြှင့်တင်ရန် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ဉာဏ်ရည်တုနှင့် အခြားနည်းပညာများကို လက်လှမ်းမီ အသုံးပြုနိုင်ရေး လုပ်ဆောင်ရန်နှင့် ရာသီဥတုပြောင်းလဲမှုကိုဖြေရှင်းရန် ကာဗွန်ထုတ်လုပ်မှုလျှော့ချရေးအတွက် ဘဏ္ဍာငွေတိုးမြှင့်ရာတွင် အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ကောင်စီက တောင်းဆိုထားသည်။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အတားအဆီးများကို ဖယ်ရှားရေး၊ လွတ်လပ်စွာကုန်သွယ်မှုမြှင့်တင်ရေးနှင့် ရာသီဥတုတုံ့ပြန်မှုဆိုင်ရာကိစ္စများကို အရှိန်မြှင့်ရေးတို့သည် အရေးတကြီးလုပ်ဆောင်ရမည့်ကိစ္စရပ်များဖြစ်ကြောင်း အေပက်စီးပွားရေးအကြံပေးကောင်စီဥက္ကဋ္ဌ ဂျူလီယာ တော်ရီဘလန်ကာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**



## အိန္ဒိယနိုင်ငံအလယ်ပိုင်း၌ ဘာသာရေးပွဲကျင်းပစဉ် အိမ်နံရံပြိုကျမှုကြောင့် ကလေးကိုးဦးသေဆုံး

နယူးဒေလီ ဩဂုတ် ၄

အိန္ဒိယနိုင်ငံ အလယ်ပိုင်းပြည်နယ်ဖြစ်သည့် မက်ဒ်ယာပရာဒေ့ရှ် ပြည်နယ်၌ ဩဂုတ် ၄ ရက်က ဘာသာရေးပွဲ ကျင်းပစဉ်အတွင်း အိမ်နံရံပြိုကျမှုကြောင့် ကလေးကိုးဦး သေဆုံးခဲ့ပြီး အချို့မှာ ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မက်ဒ်ယာပရာဒေ့ရှ် ပြည်နယ်မြို့တော်ဘဟိုပယ် အနောက်မြောက်ဘက် ၂၀၅ မိုင် ကီလိုမီတာအကွာ ရှာပေါလ်ကျေးရွာတွင် အိမ်နံရံ ပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မတော်တဆဖြစ်ရပ်မှာ ရှာပေါလ်ကျေးရွာရှိ ဟာဒေ့ါဘာဘာဘုရားကျောင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းဖြစ်ရပ်ကြောင့် အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း ကလေးကိုးဦး သေဆုံးခဲ့ပြီး လူအချို့ ဒဏ်ရာရရှိခဲ့သည်။

ဘာသာရေးပွဲ ပြုလုပ်ရန် ဘုရားကျောင်း၌စုဝေးနေစဉ်ဘုရားကျောင်းဘေးရှိအိမ်နံရံပြိုကျခဲ့ခြင်းဖြစ်သည်။ အဆိုပါအိမ်မှာ သက်တမ်း နှစ် ၅၀ ရှိပြီဖြစ်ပြီး မုတ်သုံရာသီ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြိုကျခဲ့ခြင်းဖြစ်သည်။

သဘာဝဘေး တုံ့ပြန်ရေးအဖွဲ့မှ အဖွဲ့သားများနှင့် ရဲတပ်ဖွဲ့မှ ရဲများပူးပေါင်းကာ အခင်းဖြစ်ပွားရာနေရာသို့ လာရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အပျက်အစီးများအောက်မှ လူသေအလောင်းများ ဆွဲထုတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ဒဏ်ရာရရှိသည့် ကလေးများကို ဆေးရုံသို့ပို့ဆောင်ပေးခဲ့သည်။

**ဆင်ဟွာ**

## ဟစ်ဇ်ဘိုလာက အစ္စရေးမြောက်ပိုင်းသို့ ဒုံးကျည် ဒါဇင်ချီ ပစ်ခတ်တိုက်ခိုက်

ဘေရွတ် ဩဂုတ် ၄

ဟစ်ဇ်ဘိုလာသည် လက်ဘနွန်နိုင်ငံတောင်ပိုင်းသို့ အစ္စရေး၏ တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးမြောက်ပိုင်းသို့ ကတ်ယူရှာဒုံးကျည် ဒါဇင်ချီ ပစ်လွှတ်ခဲ့ကြောင်း လက်ဘနွန်နိုင်ငံ အယ်လ်မနားရုပ်မြင်သံကြား၏ ဖော်ပြချက်အရ သိရသည်။

အွန်လိုင်းတွင် မျှဝေထားသော ဗီဒီယိုဖိုင်တွင် အစ္စရေး Iron Dome လေကြောင်းကာကွယ်ရေးစနစ်က နိုင်ငံမြောက်ပိုင်း၌ ဒုံးကျည်အများအပြားကို ကြားဖြတ်ပစ်ချဟန့်တားနေကြောင်း ပြသထားသည်။ စနေနေ့တွင် အစ္စရေး ဒရုန်းတစ်စင်းက လက်ဘနွန်နိုင်ငံ အရှေ့တောင်ပိုင်း ဒီယာဆာရီယန်ရွာလယ်ရှိ ဈေးဆိုင်ငယ်တစ်ခုကို ဝေဟင်မှ မြေပြင်ပစ်ဒုံးကျည်နှစ်စင်းဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ လက်ဘနွန်နိုင်ငံသား ကလေးငယ်တစ်ဦး သေဆုံးပြီး အခြားကလေးငယ်သုံးဦးအပါအဝင် အရပ်သားခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း လက်ဘနွန်သတင်းအရင်းမြစ်များက ဆင်ဟွာသို့ ပြောသည်။

အခြားဖြစ်ရပ်တစ်ခုတွင် အစ္စရေးဒရုန်းတစ်စင်းက အနောက်တောင်ပိုင်းရှိ တေးဟာဖာရွာကို ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လက်ဘနွန်အရပ်သားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လူနာတင်ယာဉ်ဖြင့် တိုင်ရီမြို့ ဆေးရုံတစ်ရုံသို့ ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

၎င်းတို့၏ ဂျက်တိုက်လေယာဉ်များသည် လက်ဘနွန်နိုင်ငံတောင်ပိုင်း တေးဟာဖာနှင့် ခါကီလာကျေးရွာများတွင် ဟစ်ဇ်ဘိုလာတို့ အသုံးပြုသော အဆောက်အအုံအများအပြားကို ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတပ်မတော်က စနေနေ့တွင် ပြောသည်။

**ဆင်ဟွာ**



## ဘေရွတ်ပေါက်ကွဲမှုလေးနှစ်ပြည့်တွင် တရားမျှတမှုရှိစေရေး ကုလညီနှိုင်းရေးမှူးတောင်းဆို

ဘေရွတ် ဩဂုတ် ၄

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တွင် ကြီးမားသည့်ပေါက်ကွဲမှုကြီး ဖြစ်ပွားခြင်း လေးနှစ်မြောက် နှစ်ပတ်လည်နေ့တွင် လက်ဘနွန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးညှိနှိုင်းရေးမှူး ဂျန်နစ် ဟန်နစ် ပလက်ရှက်သည် ပေါက်ကွဲမှုအတွင်းသေဆုံးသွားသူများ၏ မိသားစုဝင်များနှင့် ဩဂုတ် ၃ ရက်က တွေ့ဆုံပြီး တရားမျှတမှုအတွက် တောင်းဆိုခဲ့သည်ဟု လက်ဘနွန်အမျိုးသားသတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

မိသားစုဝင်များသည် ၎င်းတို့မိသားစုဘဝ၊ လူနေအိမ်များနှင့် လူမှုအသိုင်းအဝိုင်းကိုဖျက်ဆီးခဲ့သည့် မကြုံစဖူးအဖြစ်ဆိုးနှင့် ပတ်သက်၍ ၎င်းတို့၏ အတွေ့အကြုံများကို မျှဝေခဲ့သည်။ လွန်ခဲ့သည့်လေးနှစ်တာကာလအတွင်း အမှန်တရားနှင့် တာဝန်ခံမှုတို့ကို မဆုတ်မနစ် လိုက်လံရှာဖွေခဲ့သော်လည်း အချည်းအနှီးသာ ဖြစ်ခဲ့ရကြောင်း၊ ပေါက်ကွဲမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများမှာ ရပ်တန့်နေကြောင်း ၎င်းတို့က ပြောသည်။

စုံစမ်းစစ်ဆေးမှုတွင် ပွင့်လင်းမြင်သာပြီး အမှန်တရား၊ တရားမျှတမှုနှင့် တာဝန်ခံမှုကို ဆောင်ကြဉ်းပေးနိုင်ရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ တောင်းဆိုမှုအတိုင်း ကုလသမဂ္ဂ အထူးညှိနှိုင်းရေးမှူး ဂျန်နစ်ဟန်နစ် ပလက်ရှက်က ပြောကြားသည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၄ ရက်က ဘေရွတ်မြို့ဆိပ်ကမ်းတွင် ကြီးမားသည့် ပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ရာ လူပေါင်း ၂၀၀ ကျော် သေဆုံးပြီး ၆၀၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ ပေါက်ကွဲမှုကြောင့် မြို့၏ ကြီးမားသော အစိတ်အပိုင်း ပျက်စီးခဲ့ရသည်။

**ဆင်ဟွာ**

## ဘရာဇီးနိုင်ငံအရှေ့တောင်ပိုင်း၌ အပေ့ါစားလေယာဉ်ပျက်ကျမှုကြောင့် သုံးဦးသေဆုံး

ဆော်ပိုလို ဩဂုတ် ၄

ဘရာဇီးနိုင်ငံအရှေ့တောင်ပိုင်း ဆော်ပိုလိုပြည်နယ် ဘီရီဂွေ့မြို့၌ ဩဂုတ် ၃ ရက်က အပေ့ါစားလေယာဉ်တစ်စင်း ပျက်ကျမှုကြောင့် သုံးဦးသေဆုံးကြောင်း ဒေသဆိုင်ရာ မီးသတ်ဌာနက ပြောကြားသည်။

အဆိုပါလေယာဉ်မှာ ဆော်ပိုလိုမြို့မှ ၅၂၁ ကီလိုမီတာအကွာရှိ အဝေးပြေးလမ်းမကြီး၏ ၅ ကီလိုမီတာအကွာတွင် တည်ရှိသည့် စိုက်ပျိုးမွေးမြူရေးခြံတစ်ခုအတွင်း ပျက်ကျခဲ့ခြင်းဖြစ်သည်။ ယင်းလေယာဉ်မှာ မြေပြင်သို့ ထိုးကျခြင်းကြောင့် မီးလောင်မှုဖြစ်ပွားပြီး ယာဉ်ပေါ်ပါ သုံးဦးမှာ မီးလောင်သေဆုံးခြင်းဖြစ်ကြောင်း မီးသတ်ဌာနက ဆက်လက်ပြောကြားသည်။

အခင်းဖြစ်ပွားရာနေရာသို့ မီးသတ်သမားများနှင့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်ခဲ့ပြီး လေယာဉ်ပျက်ကျရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ ကျောင်းများ၊ မြို့နယ်များအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ မွန်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**မော်လမြိုင် ဩဂုတ် ၄**

မွန်ပြည်နယ် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများ၊ ကျောင်းများ၊ မြို့နယ်များအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်သည် ပညာရေးတွင် အစဉ်အလာကောင်းသည့် ပြည်နယ်တစ်ခုဖြစ်ပြီး ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မွန်ပြည်နယ်မှ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ပြည်နယ်ဂုဏ်ဆောင် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ခြင်း ဖြစ်ပါကြောင်း၊ ပြည်နယ်အနေဖြင့် ခြောက်ဘာသာဂုဏ်ထူးရှင် ၄၆ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၄၁ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၆၂ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၉၉ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၁၅၄ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၄၄၇ဦး၊ စုစုပေါင်း ၈၄၉ ဦး ဂုဏ်ထူးရရှိခဲ့ပြီး စနစ်သစ်သင်ရိုး စတင်သည့်နှစ်တွင် ယခုလို ခြောက်ဘာသာဂုဏ်ထူးရှင် အများအပြား ပေါ်ထွက်လာသည်ကို များစွာဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်ပညာရေးမှူး ဒေါ်နန့်စယ်လီလှိုင်က ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး၊ ပညာရည်ချွန်ဆုရ တစ်နိုင်ငံလုံး ဝိပ္ပံဘာသာတွဲ၊ ဝိဇ္ဇာဘာသာတွဲတွင် အမှတ်အများဆုံးနှင့် ခြောက်ဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်တို့က လည်းကောင်း၊ ငါးဘာသာဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့ကလည်းကောင်း၊ လေးဘာသာနှင့် သုံးဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးများကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝိဇ္ဇာဘာသာတွဲအမှတ်အများဆုံး ရရှိသူများ၊ ဝိပ္ပံဘာသာတွဲအမှတ်အများဆုံး ရရှိသူများနှင့် ခြောက်ဘာသာဂုဏ်ထူးရအောင် သင်ကြားပေးသော ကျောင်း ၂၂ ကျောင်းမှ ဘာသာရပ်သင် ဆရာ ဆရာမများအား ပြည်နယ်ဥပဒေချုပ်ကလည်းကောင်း၊ စာဖြေသူ ၁၀ ဦးနှင့်အထက်ဖြေဆိုပြီး အောင်ချက် ၁၀၀ ရာခိုင်နှုန်းရရှိသော အခြေခံပညာကျောင်း နှစ်ကျောင်း၊ အောင်ချက်အကောင်းဆုံး မြို့နယ် သုံးမြို့နယ် ဆုရရှိသူများ၊ မွန်ပြည်နယ်ပညာရေးဌာနနှင့် ဝိုင်းဝန်းကူညီပေးသော မော်လမြိုင်တက္ကသိုလ်အား ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် တက်ရောက်လာသော အလှူရှင်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**






# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် တွံတေးမွေးမြူရေးဇုန်အတွင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၄

**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်များသည် တိုင်းဒေသကြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက တွံတေးမွေးမြူရေးဇုန်အတွင်း လုပ်ငန်းရှင်များ၏ တိရစ္ဆာန်များ မွေးမြူထားရှိမှုများနှင့် တိရစ္ဆာန်အစာများဖြစ်သည့် ပြောင်း၊ မြက်များ စိုက်ပျိုးထားရှိမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တွံတေးမြို့နယ် ကန်ကြီးကုန်း ကျေးရွာတွင် ကန်ကြီးကုန်း ရေလှောင်တမံ ပြန်လည်ပြုပြင်မည့် လုပ်ငန်းခွင်အားလည်းကောင်း၊ ဒေသကြက်နှင့် ဝက်မွေးမြူထားရှိမှုအားလည်းကောင်း၊ နို့စားနွားမွေးမြူထားရှိမှုနှင့် နေပီယာမြက်စိုက်ပျိုးထားရှိမှုအားလည်းကောင်း၊ ဆိတ်၊ ကြက်နှင့် နွားမွေးမြူထားရှိမှုအားလည်းကောင်း၊ ဝက်သားပေါက်အကောင်ရေ ၂၀၀ မွေးမြူထားရှိမှုအားလည်းကောင်း၊ ဥစားဘဲ မွေးမြူရေးခြံတွင် ဘဲအကောင်ရေ ၄၀၆၈ ကောင် မွေးမြူထားရှိပြီး တစ်နေ့လျှင် ဘဲဥ ၁၀၀၀ကျော် ရရှိမှုအားလည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင် တစ်ဦး၏ ငါးမွေးမြူ ထားရှိမှုတို့အားလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှင်းလင်းဆောင်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ တာဝန်ရှိသူ တစ်ဦးက မွေးမြူရေးဇုန်အပိုင်း(၂) တွင် 90 mm dia HDPE ပိုက် ပေ ၁၅၀၀၀ ပိုက်လိုင်း ဆက်သွယ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဦးမိုးအောင်၏ ဆိတ်မွေးမြူရေးခြံတွင်ဆိတ်အကောင်ရေ ၈၀၀ မွေးမြူထားရှိမှုအားလည်းကောင်း၊ မွေးမြူရေးဇုန်အတွင်း လျှပ်စစ်မီးလိုင်းသွယ်တန်းထားရှိမှု အခြေအနေအားလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ တွံတေးမြို့နယ် မွေးမြူရေးဇုန်တွင် စုစုပေါင်း လုပ်ငန်းရှင် ၇၈ ဦးတို့က ဆိတ် ၃၂၇၉ ကောင်၊ နို့စားနွား ၂၇၃ ကောင်၊ အသားတိုးနွား ၁၁၃ ကောင်၊ အသားတိုးကြက်၃၆၄၉၀၊ ဒေသကြက် ၁၉၃၀၈ ကောင်၊ ဥစားကြက် ၇၉၆၀၊ ကြက်မဲ ၈၈၄ ကောင်၊ ကြက် (ရမ်ပူရီ၊ ဟိုက်ဖလိုင်း)၄၀၀၊ ဥစားဘဲ ၄၀၆၈ ကောင်၊ အသားတိုးဘဲ ၁၂၀၀၊ ငါးမျိုးစုံ ၁၀၈၄၀၀၀ ၊ ဝက် ၅၆၁ ကောင်၊ ငုံး ၁၄၃၇၀ တို့ကို မွေးမြူထားပြီး ဩဂုတ် ၃ ရက်အထိ အသားတိုးကြက် ပိဿာချိန် ၁၈၁၁၀၃ ပိဿာ၊ ဝက် ပိဿာချိန် ၁၉၂၃၈ ပိဿာ၊ ဘဲ ပိဿာချိန် ၁၅၇၃၃ ပိဿာ၊ အမဲသားပိဿာချိန် ၃၂၀၀၊ ဆိတ်သားပိဿာချိန် ၁၀၀၂၈ ပိဿာ၊ ငါးပိဿာ ၅၅၀၀၊ နွားနို့ ပိဿာချိန် ၆၆၅၈၀၊ ကြက်ဥ အလုံးရေ ၆၃၃၄၇၇ လုံး၊ ဘဲဥ အလုံးရေ ၅၀၆၀၄၈ လုံး၊ ငုံးဥ အလုံးရေ ၈၃၁၉၀၇လုံးထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ အာဆီယံပြိုင်ပွဲဆုရ ကျောင်းသားများအား ဂုဏ်ပြုဆုများ ချီးမြှင့်

**နေပြည်တော် ဩဂုတ် ၃**

ကမ္ဘောဒီးယားနိုင်ငံ Siem Reap မြို့၌ ဇူလိုင် ၂၂ ရက်မှ ၂၆ ရက်ထိ ကျင်းပခဲ့သည့် (၁၀) ကြိမ်မြောက် ASEAN+3 Junior Science Odyssey ပြိုင်ပွဲ ဆုရကျောင်းသားများ ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက HRD Center စုဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်း ကျောင်းတို့မှ ကျောင်းသားများက ယခုလို နိုင်ငံတကာ ကျောင်းသားများနှင့် ရင်ပေါင်တန်းယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင်ဆုများကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်သည်ကို လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများမှ တန်ဖိုးမြင့် MSME စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်သူများ ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊

ကျောင်းအုပ်ကြီးများကလည်း ကျောင်းသားလူငယ်များကို သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှု စွမ်းရည်များကို အားပေးမြှင့်တင်နိုင်ရေး မဟာဗျူဟာစီမံကိန်းနှင့်အညီ ဝန်းကျင်ကောင်းများကို ဖော်ဆောင်ပေးကာ စနစ်တကျ ပျိုးထောင်ပေးရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် Pitching Group Project ပြိုင်ပွဲတွင် Gold Prize ဆုကို ရရှိခဲ့သော စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (ပျဉ်းမနား)မှ ပထမနှစ် စက်မှုကျောင်းသား မောင်ရဲရင့်အောင်က နိုင်ငံတော်က ပံ့ပိုးပေးမှုများ၊ ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများ၊ Siem Reap မြို့တွင် လေ့လာရေးသွားရောက်မှုနှင့် အတွေ့အကြုံများ၊ နိုင်ငံတကာမှ ကျောင်းသားများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့မှုများ၊ "Fashion's Dirty Laundry: The Environmental Impact of the Clothing industry and Eco-friendly Alternatives" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့မှုများကို ရှင်းလင်းတင်ပြပြီး ကိုယ်စားလှယ်အဖွဲ့ဝင် ဆရာမတစ်ဦးက ဖြည့်စွက်တင်ပြရာ ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသည်များ မေးမြန်းမှုများအပေါ် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနေခြည်လှဲလှဲသိန်းက ဖြည့်စွက်ရှင်းလင်းပြီး ဒုတိယဝန်ကြီးက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**သတင်းစဉ်**




# မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၄**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းလာမည်။ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

**မိုး/ဇလ**

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၌ တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲ အခမ်းအနားကျင်းပ

**မန္တလေး ဩဂုတ် ၄**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ရှိ မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ၁၃၈၅-၁၃၈၆(၂၀၂၃-၂၀၂၄)ပညာသင်နှစ်အတွက် တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၈ ရက်က ကျင်းပရာ ပါမောက္ခချုပ်ဆရာတော် အမှူးပြုသည့် ပါမောက္ခ/ဌာနမှူးဆရာတော်များ၊ သင်တန်းသား သံဃာတော်များကြွရောက်၍ ပြင်ပပညာရှင် ဆရာကြီးများ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး)မှ တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

စာတမ်းဖတ်ပွဲအခမ်းအနားတွင် ဘဒ္ဒန္တစန္ဒိမာ(နည်းပြ၊ သုတ္တန္တပိဋကမဟာဌာန)က "ဘုရားရှင်၏ ပထမဆုံးရာဇဂြိုဟ်ပြည်ခရီးစဉ်" စာတမ်းခေါင်းစဉ်ကိုလည်းကောင်း၊ ဘဒ္ဒန္တဇဋိလ (လက်ထောက်ကထိက၊ ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန)က "ညောင်ရမ်းခေတ် သာလွန်မင်းတရားကြီးလက်ထက် သာသနာရေးအခြေအနေများကို လေ့လာခြင်း" စာတမ်းခေါင်းစဉ်ကိုလည်းကောင်း၊ ဘဒ္ဒန္တဂန္ဓသာရ(နည်းပြ၊ ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန)က "မရမ္မရဋ္ဌေကတ္တေရဟေ ကထာပါဠိဂန္ထာ" စာတမ်းခေါင်းစဉ်ကိုလည်းကောင်း၊ ဘဒ္ဒန္တကေသရ(ကထိက၊ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန)က "The Buddha's Personal Welcomes: Spiritual Journeys of Thera Mahakassapa and Thera Mahakappina" စာတမ်းခေါင်းစဉ်ကိုလည်းကောင်း၊ ဘဒ္ဒန္တဝိစိတ္တ(ဌာနစုမှူး၊ ပိဋကတ်တိုက်ဌာန)က "တက္ကသိုလ်နှင့် စာကြည့်တိုက်" စာတမ်းခေါင်းစဉ်ကိုလည်းကောင်း၊ ဘဒ္ဒန္တနာဂသေန(လက်ထောက်ကထိက၊ အဘိဓမ္မပိဋကမဟာဌာန)က "ဂေါတြဘူပုဂ္ဂိုလ်ကိုလေ့လာခြင်း " စာတမ်းခေါင်းစဉ်ကိုလည်းကောင်း၊ ဘဒ္ဒန္တကေသဝ(ဌာနစုမှူး၊ ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန)က "ကျေနှင့်ကြေ ဝေါဟာရအသုံးတို့ကို နှိုင်းယှဉ်လေ့လာခြင်း" စာတမ်းခေါင်းစဉ်ကိုလည်းကောင်း၊ဘဒ္ဒန္တကဝိန္ဒ(နည်းပြ၊ဝိနယပိဋကမဟာဌာန)က "လူ့သီလနှင့် သီလရှင်သီလကို နှိုင်းယှဉ်လေ့လာခြင်း" စာတမ်းခေါင်းစဉ်ကိုလည်းကောင်း၊ ဘဒ္ဒန္တကုမာရ(ဌာနစုမှူး၊ သုတေသန၊ ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန)က "တက္ကသိုလ်နှင့်သုတေသနလုပ်ငန်းများ" စာတမ်းခေါင်းစဉ်ကိုလည်းကောင်း စုစုပေါင်းစာတမ်းရှင် ဆရာတော် ကိုးပါးတို့က ဖတ်ကြားဆွေးနွေးကြပြီး ညနေပိုင်းတွင် စာတမ်းဖတ်ပွဲ အခမ်းအနား ပြီးဆုံးကြောင်း သတင်းရရှိသည်။



မြင့်မော်ထွန်း

# ဝါတွင်းကာလအတွင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်တိုက်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် အာဟာရများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၄**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ပြည်နယ် / တိုင်းဒေသကြီး အသီးသီးတွင် ဝါတွင်းကာလ ဝါဆိုဝါကပ် တော်မူကြသည့် သံဃာတော်များ ဆွမ်းကွမ်း အခက်အခဲ မရှိစေရေးအတွက် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ကုလားပဲများနှင့် အခြားလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့ ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ကြည်နှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနား ခရိုင် မနှင်းဆီကျောင်းတိုက်ရှိ ဝါဆိုဝါကပ် တော်မူကြသည့် ဆရာတော် သံဃာတော်များနှင့် စာသင်သား သာမဏေများ အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ကုလားပဲနှင့် အခြား လှူဖွယ်ဝတ္ထု ပစ္စည်းများအား ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အမှန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့ အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့်အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံး ပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့ အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# မြေပြိုမှုအန္တရာယ် သတိပြုစေလို

ဝင်းဇင်(သုတေသန)

ဇူလိုင် ၂၁ ရက်နှင့် ဇူလိုင် ၂၂ ရက်တို့တွင် အီသီယိုးပီးယားနိုင်ငံတောင်ပိုင်း ဂိုဖာခရိုင်ရှိ ကန်ချိုရှာခါဂေါ့ဒီကျေးရွာ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူပေါင်း ရာနှင့်ချီ သေဆုံးခဲ့သည်။ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက သေဆုံးသူ ၂၅၀ အထိ ရှိလာပြီဖြစ်ကြောင်း နှင့် ၅၀၀ အထိ တိုးလာနိုင်ဖွယ်ရာရှိကြောင်း သတိပေးထားသည်။ လက်ရှိအချိန်အထိ ထိခိုက်လွယ်အုပ်စုဖြစ်သည့် ကလေးသူငယ်များ၊ မိခင်များ၊ သက်ကြီးရွယ်အို ၆၀၀ ကျော်ကို ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရသည်။ ထို့ပြင် အီသီယိုးပီးယားနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းပြီး ရုတ်တရက်ရေကြီးမှုကြောင့် လူပေါင်း ၂ ဒသမ ၅ သန်းခန့် သည် ထိခိုက်ဆုံးရှုံးမှုများ ကြုံတွေ့ရလျက်ရှိသည်။

### သဘာဝဘေးအန္တရာယ်

သဘာဝဘေးအန္တရာယ်သည် လူသားတို့ကို တစ်နေ့တခြား ပိုမိုခြိမ်းခြောက်လာလျက်ရှိရာ အထူးသဖြင့် မိုးရာသီတွင် ရေကြီးခြင်းအပါအဝင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့ရလေ့ရှိသည်။ နှစ်စဉ်ကမ္ဘာတစ်ဝန်းတွင် ကျရောက်လျက်ရှိသည့် သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပွားခဲ့သော သေကျေဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးတို့သည် လွန်စွာများပြားလျက်ရှိသည်။

သက်ရှိများ မှီတင်းနေထိုင်လျက်ရှိသည့် ဤကမ္ဘာမြေကြီးတွင် သဘာဝအလျောက် ရုတ်တရက်ပြောင်းလဲဖြစ်ပေါ်လာသည့် ဖြစ်စဉ်တစ်ရပ်ကို သဘာဝဘေးအန္တရာယ်ဟု ခေါ်ဆိုကြသည်။ မြေလျှင်လှုပ်ခြင်း၊ လေမုန်တိုင်း တိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ရေလျှံခြင်း၊ မြေပြိုခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ဆူနာမီလှိုင်းများ မြင့်တက်လာခြင်း၊ မိုခေါင်ရေရှားခြင်း၊ ရောဂါအသစ်အဆန်းများ ကျရောက်ခြင်းစသည့် အန္တရာယ်များသည် သဘာဝဘေးများပင်ဖြစ်သည်။ ထိုအန္တရာယ်များကြောင့် သေကျေထိခိုက် ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားနိုင်ပါသည်။ သဘာဝဘေးအန္တရာယ် မည်မျှကြီးမားသည်ကို သေကျေထိခိုက်မှု၊ ပျက်စီးဆုံးရှုံးမှုများနှင့် တိုင်းတာလေ့ရှိကြသည်။

မည်သို့ပင်ဆိုစေကာမူ မမျှော်လင့်သည့်အချိန်တွင် ဖြစ်ပေါ်လာနိုင်သည့် မြေလျှင်လှုပ်ခတ်မှုများ၊ တောမီးလောင်မှုများ၊ မြေပြိုမှုများနှင့် မီးတောင်ပေါက်ကွဲမှုများသည် လူသားတို့ကို ပျက်စီးဆုံးရှုံးမှုကြီးမားစေသော သဘာဝဘေးအန္တရာယ်များအဖြစ် ဆက်လက်ခြိမ်းခြောက်လျက်ရှိသည်။ အထူးသဖြင့် သဘာဝဘေးအန္တရာယ်လွန် ကာလများတွင် လမ်းပန်းဆက်သွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ လျင်မြန်စွာ မစတင်နိုင်ခင်ကာလ လူနေမှုဘဝများသည် အလွန်ခက်ခဲကြမ်းတမ်းပြီး စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများနှင့် ဘေးအန္တရာယ်၏ နောက်ဆက်တွဲရောဂါများကိုလည်း ခံစားကြရသည်။

### ကြိုတင်ပြင်ဆင်ထားသင့်

ဇူလိုင်လဆန်းပိုင်းကတည်းကပင် မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့ပြီး ဆက်လက်ရွာသွန်းနေဆဲပင်ဖြစ်သည်။ ထိုသို့ မိုးအဆက်မပြတ်ရွာသွန်းလာပြီးနှင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်နှင့် အခြားသောမြစ်များ၊ ချောင်းများတစ်လျှောက် ဖြတ်သန်းစီးဆင်းရာ မြေနိမ့်ပိုင်းဒေသများတွင် ရေလွှမ်းမိုးမှုဖြစ်ပေါ်တတ်သည်။ ကားလမ်း၊ ရထားလမ်းများပေါ်၌လည်း ရေလွှမ်းမိုးလေ့ရှိသည်။ တချို့သောဒေသများတွင် လမ်း၊ တံတားများပေါ်သို့ ရေကျော်နေသဖြင့် လမ်းပန်းဆက်သွယ်ရေးပင် ပြတ်တောက်သွားသည်။ မြေနိမ့်ပိုင်းရှိအိမ်များသည် ရေနစ်မြုပ်ခံရသည်။ ထို့ကြောင့် မိုးရာသီတွင် ကြုံတွေ့ရတတ်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်စီမံပြင်ဆင်ထားမှသာလျှင် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါသည်။

### မြေပြိုခြင်းနှင့်တောင်ပြိုခြင်း

မြေပြိုခြင်းနှင့်တောင်ပြိုခြင်းသည် တောင်စောင်းနှင့် ဆင်ခြေလျှောပေါ်ရှိ မြေဆီလွှာ၊ ကျောက်များနှင့် ပြန့်ကျဲလျက်ရှိသော ကျောက်စကျောက်န အရောအနှောနှင့် သစ်ပင်၊ ဝါးပင်အပိုင်းအစများ ကမ္ဘာမြေဆွဲအားကြောင့်ဖြစ်စေ၊ ငလျင်လှုပ်၍ဖြစ်စေ၊ မိုးသည်းထန်စွာ ရွာသွန်း၍ဖြစ်စေ တောင်ခြေသို့ လျှောကျလာခြင်း၊ ပြုတ်ကျလာခြင်းနှင့် စီးလာခြင်းတို့ဖြစ်သည်။ ပြိုဆင်းလာသော ပစ္စည်းများ၏ ပြုတ်ကျမှု၊ လျှောဆင်းလာမှုနှင့် စီးဆင်းလာမှုတို့၏ ရွေ့လျားလာသောနှုန်းများမှာ နှေးကွေးစွာ လျှောဆင်းခြင်းမှသည် လျင်မြန်စွာ လျှောဆင်းလာလေ့ရှိသည်။ ပြိုဆင်းလာသော မြေသားနှင့် ကျောက်စကျောက်နများသည် လျှောဆင်းလာရာလမ်းကြောင်းရှိ လူတို့၏ အသက်အိုးအိမ်စည်းစိမ်များ၊ မွေးမြူထားသော တိရစ္ဆာန်များကို သေကျေအနာတရဖြစ်စေသည်။




> “မြေလျှင်လှုပ်ခတ်မှုများ၊ တောမီးလောင်မှုများ၊ မြေပြိုမှုများနှင့် မီးတောင်ပေါက်ကွဲမှုများသည် လူသားတို့ကို ပျက်စီးဆုံးရှုံးမှုကြီးမားစေသော သဘာဝဘေးအန္တရာယ်များအဖြစ် ဆက်လက်ခြိမ်းခြောက်လျက်ရှိသည်။ အထူးသဖြင့် သဘာဝဘေးအန္တရာယ်လွန် ကာလများတွင် လမ်းပန်းဆက်သွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ လျင်မြန်စွာမစတင်နိုင်ခင်ကာလ လူနေမှုဘဝများသည် အလွန်ခက်ခဲကြမ်းတမ်းပြီး စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများနှင့် ဘေးအန္တရာယ်၏ နောက်ဆက်တွဲရောဂါများကိုလည်း ခံစားကြရ”

### ကမ္ဘာ့ဆုံးရှုံးမှုအများဆုံးမြေပြိုမှုဖြစ်စဉ်များ

ကမ္ဘာတစ်ဝန်းတွင် အကြောင်းအမျိုးမျိုးကြောင့် မြေပြိုမှုနှင့်တောင်ပြိုမှုများ ဖြစ်ပွားခဲ့ရာ လူသေဆုံးမှုအများဆုံး မြေပြိုမှုဖြစ်စဉ်များ ရှိခဲ့သည်။ ၎င်းတို့မှာ-

### ဟိုင်ယွန်မြေပြိုမှု(တရုတ်)

၎င်းဖြစ်စဉ်သည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၆ ရက် ညနေပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဂန်းဆုမြေလျှင်လှုပ်ခတ်ခဲ့ပြီးနောက် ဟိုင်ယွန် စီရင်စု၌ မြေပြိုမှုဖြစ်စဉ် အကြိမ် ၅၀၀၀၀ အထိ ဖြစ်ပွားခဲ့သည်။ အဆိုပါ မြေပြိုမှုဖြစ်စဉ်များတွင် လူ ၂၀၀၀၀၀ ခန့် သေဆုံးခဲ့ပြီး ထိခိုက်ဆုံးရှုံးမှုများသည့် အဆိုးရွားဆုံး သဘာဝဘေးအန္တရာယ်များ အနက်မှ တစ်ခုပင်ဖြစ်သည်။

### ဗားဂတ်စ်ကြမ္မာဆိုး(ဗင်နီဇွဲလား)

၎င်းဖြစ်စဉ်သည် ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ဗင်နီဇွဲလားနိုင်ငံ ဗားဂတ်စ်ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် မြေပြိုမှုဖြစ်စဉ်များစွာဖြစ်ပေါ်ခဲ့သည်။ မြေပြိုမှုများကြောင့် ကားမင်းဒီယူရီယာနှင့် ဆာရိုဂရမ်ဒီမြို့တို့သည် မြေအောက်သို့ လုံးလုံးလျားလျားမြုပ်သွားခဲ့သည်။ ၎င်းဖြစ်စဉ်တွင် အနည်းဆုံး လူ ၃၀၀၀၀ ကျော် သေဆုံးခဲ့သည်။

### ခါအစ်မြေပြိုမှု(တာဂျစ်ကစ္စတန်)

၎င်းဖြစ်စဉ်သည် ၁၉၄၉ ခုနှစ် ဇူလိုင်လတွင် တာဂျစ်ကစ္စတန်နိုင်ငံ ယာချစ်တောင်ကြောရှိ ခါအစ်မြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကြီးမားသော မြေပြိုမှုများကြောင့် ကျေးရွာ ၃၃ ရွာသည် မြေအောက်သို့ ရောက်သွားပြီး အနည်းဆုံး လူ ၂၈၀၀၀ သေဆုံးခဲ့သည်။

### အာမီရိုကြမ္မာဆိုး(ကိုလံဘီယာ)

၎င်းဖြစ်စဉ်သည် ၁၉၈၅ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် ကိုလံဘီယာနိုင်ငံ တိုလီမာရှိ နီဗာဒို မီးတောင်ပေါက်ကွဲရာမှ ချော်ရည်များ၊ ရေခဲများ၊ မြူနှင်းများနှင့် ရွှံ့နွံများ စီးကျလာရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ချော်ရည်များ၏ မြန်နှုန်းသည် ၁ စက္ကန့်လျှင် ၂၅ ပေခန့် ရောက်ရှိသဖြင့် မီးတောင်အနီးအနားရှိ ကျေးရွာ ၂၉၀၀၀ မှ ပြည်သူ ၂၃၀၀၀ ခန့်သည် ရှောင်တိမ်းချိန်မရဘဲ သေဆုံးသွားခဲ့ရသည်။

### ယွန်ဂေးမြေပြိုမှု(ပီရူး)

၎င်းဖြစ်စဉ်သည် ၁၉၇၀ ပြည့်နှစ် မေ ၃၁ ရက်တွင် ပီရူးနိုင်ငံ ယွန်ဂေးဒေသ၌ မြေလျှင်လှုပ်ခတ်ရာမှ ဖြစ်ပွားခဲ့ခြင်းသည်။ မြေလျှင်ကြောင့် Huascaran တောင်ပေါ်တွင် ရေခဲမြစ်များ အရည်ပျော်ပြီး ကုဗမီတာ သန်း ၁၀၀ ခန့်ရှိသော ရွှံ့နွံများ၊ ရေခဲများနှင့် ကျောက်တုံးများသည် ယွန်ဂေးရွာကို ဖုံးလွှမ်းသွား ခဲ့သဖြင့် လူ ၂၂၀၀၀ ခန့် သေဆုံးခဲ့သည်။ ထိုစဉ်က ရွာသား ၃၅၀ ကိုသာ ကယ်ဆယ်နိုင်ခဲ့ပြီး ၎င်းတို့အနက် ၃၀၀ သည် ကလေးငယ်များဖြစ်သည်။

စာမျက်နှာ ၁၇ သို့

# ပဲခူးမြို့ရှိ ယာယီရေဘေးရှောင်စခန်းများသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် သွားရောက်အားပေးထောက်ပံ့

**ပဲခူး ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ ပဲခူးမြို့နယ် တပ်နယ်မှူးတို့နှင့်အတူ ပဲခူးမြို့အတွင်းရှိ ယာယီရေဘေးရှောင်စခန်းများသို့ ဩဂုတ် ၃ ရက်က သွားရောက်၍ ရေဘေးသင့်ပြည်သူများအား အားပေးထောက်ပံ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှေ့ရှိ ဟံသာဝတီရေးဟောင်းကျုံး ရေထွက်ပေါက်ကို ကြည့်ရှုစစ်ဆေးပြီး ရေထွက်ပေါက်အတွင်း အမှိုက်နှင့်ဗေဒါပင်များ ပိတ်ဆို့မှု မရှိစေရေးနှင့် ကျုံးရေကျော်ပေါက်ကို သံဆန်ခါများဖြင့်ကာရံထားရန် တာဝန်ရှိသူများအား မှာကြားသည်။ ထို့နောက် ပဲခူးမြို့ မြို့မဈေးကြီးအတွင်း ရေကျော်ဝင်ရောက်ခဲ့သည့်နေရာကို ကွင်းဆင်းကြည့်ရှုပြီး ရေတံခါးပေါက်များကို နေရာပြောင်းရွှေ့တည်ဆောက်ရန်မှာကြားကာ ကားလမ်းရေကျော်နေသည့် ခေါင်းဆေးကျွန်းနေရာနှင့် မဟာမြိုင်လမ်းနေရာတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ ကလျာဏီရပ်ကွက်ရှိ အနောက်ရွှေနံ့သာဘုန်းတော်ကြီးကျောင်း၊ ဘိုကုန်းရပ်ကွက်ရှိ ဓမ္မာလင်္ကာရဘုန်းတော်ကြီးကျောင်းနှင့် ရွာသစ်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲတို့၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းများသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့က စားသုံးကုန်များကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက လူတစ်ဦးချင်းစီအတွက် ဆန်ရိက္ခာဖိုး တစ်လစာကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး သက်ကြီးရွယ်အိုများ၊ ပရဟိတအဖွဲ့များနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် သီးခြားထောက်ပံ့ငွေများ၊ ကလေးငယ်များအတွက် အာဟာရမုန့်များကိုလည်း ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုဏ္ဏားစုရပ်ကွက်၌ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စိုးစိုးသက်နှင့် အဖွဲ့ဝင်များက ရပ်ကွက်နေပြည်သူများအား ပဲကုလားဟင်းနှင့် ဘဲဥဟင်းဝေငှပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ရပ်ကွက်အတွင်းရှိ ကလေးငယ်များအတွက် အာဟာရမုန့်များ ဝေပေးခဲ့သည်။ (ဝဲပုံ)

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# မိုးအဆက်မပြတ်ရွာပြီး မြေပြိုကျမှုများကြောင့် ပျဉ်းမနား - ပင်လောင်းလမ်း ပျက်စီး

**ပင်လောင်း ဩဂုတ် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျရေများစီးဆင်းမှုကြောင့် ဘန့်ဘာကျေးရွာအုပ်စု ပင်ကာလကျေးရွာအနီး ပင်ကာလတောင်အဆင်း လွိုင်ကော် - အောင်ပန်းကားလမ်းနှင့် ပျဉ်းမနား-ပင်လောင်းကားလမ်း၌ မြေပြိုမှုများနှင့် တံတားချဉ်းကပ်လမ်းပျက်စီးမှု ဩဂုတ် ၃ ရက်က ဖြစ်ပွားခဲ့သည်။

လွိုင်ကော် - အောင်ပန်းကားလမ်းပေါ်၌ အကျယ်ပေ ၄၀၊ အနက် ၁၀ ပေခန့် မြေသားပြိုကျမှုဖြစ်ပွားခဲ့ကြောင်း၊ ထို့အတူ တောင်ထိဗွာကျေးရွာအုပ်စု နန်းပန်းညောင်ပင်ရွာအနီး ပျဉ်းမနား - ပင်လောင်းလမ်းမပေါ်၌ တောင်ပြိုကျ၍ အရှည် ပေ ၂၀၊ အမြင့် ငါးပေခန့်၊ ဇက ကျေးရွာ အရှေ့ဘက်တွင် မြေသားများပြိုကျ၍ ပျဉ်းမနား- ပင်လောင်းလမ်းမပေါ်၌ အရှည်ပေ ၈၀၊ အမြင့်ပေ ၂၀ ခန့်၊ ချောင်းဂွကျေးရွာအနီး ပျဉ်းမနား - ပင်လောင်းသွားကားလမ်း မိုင်တိုင် ၄၈/၇- ၄၉/၀ ကြားရှိ တံတားအမှတ်(၄/၄၉)၊ အလျား ၆၅ ပေ၊ အနံ ၂၄ ပေရှိ ချောင်းဂွတံတားအား တောင်ကျရေများ တိုက်စားသဖြင့် တံတားချဉ်းကပ်လမ်းအရှည် ပေ ၂၀၊ အကျယ် ၁၀ ပေ၊ အမြင့် ၁၂ ပေခန့်၊ ပေါင်းလောင်းမြို့ သပြေကုန်းကျေးရွာအုပ်စု ကိုးကွေ့ကျေးရွာအနီး၌ ကနစိုးတောင်မြေသားများ ပြိုကျပြီး ပေါင်းလောင်း-ကင်းသာသွားကားလမ်းတွင် အရှည်ပေ ၂၅၀၊ အကျယ် ပေ ၄၀၊ အမြင့် ၄ ပေခန့် မြေများထပ်မံပြိုကျမှုဖြစ်ပွားခဲ့ကြောင်း၊ မြေများပြိုကျမှုကြောင့် မော်တော်ယာဉ်များ သွားလာ၍မရတော့ကြောင်း၊ လူ၊ တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။



အဆိုပါ မြေပြိုကျသည့်နေရာများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကာ မြေပြိုကျမှုကြောင့် ပျက်စီးနေသည့်လမ်းပိုင်းများတွင် ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ပြီး မော်တော်ယာဉ်များ အမြန်ဆုံးပြန်လည်သွားလာနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ကမမောင်းမြို့၌ မိုးအဆက်မပြတ်ရွာသွန်းပြီး သံလွင်မြစ်ရေတက်၍ ဒုတိယအကြိမ် ရေကျော်မှုများဖြစ်ပွားလျက်ရှိ

**ကမမောင်း ဩဂုတ် ၄**

ကရင်ပြည်နယ် ကမမောင်းမြို့၌ မိုးအဆက်မပြတ် ရွာသွန်းခြင်းကြောင့် ဩဂုတ် ၃ ရက်တွင် သံလွင်မြစ်ရေသည် စိုးရိမ်ရေမှတ်ထက်ကျော်လွန်၍ အနိမ့်ပိုင်းရပ်ကွက်ရှိ နေအိမ်များသို့ ဒုတိယအကြိမ်ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိသည်။

ဩဂုတ် ၄ ရက်တွင် ရပ်ကွက်အချို့ရှိ နေအိမ်များနှင့် အခြေခံပညာစာသင်ကျောင်းများအတွင်းသို့ မြစ်ရေဝင်ရောက်လျက်ရှိသောကြောင့် စာသင်ကျောင်းများကို ယာယီပိတ်ထားရပြီး ရေဘေးသင့်ပြည်သူများအတွက် ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားသော အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း၊ အမှတ် (၅) အခြေခံပညာမူလတန်းကျောင်းတို့တွင် ဩဂုတ် ၃ ရက် ညနေပိုင်းအထိ အိမ်ထောင်စု ၈၉ စုမှ လူဦးရေ ၄၂၉ ဦးအား တာဝန်ရှိသူများက ယာယီပြောင်းရွှေ့ပေးထားကြောင်း ကမမောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဝဏ္ဏ (ပြန်/ဆက်)**

# တာချီလိတ်မြို့၌ ရေကြီးရေလျှံမှုဖြစ်ပွားပြီးနောက် သန့်ရှင်းရေးများ စတင်ဆောင်ရွက်

**တာချီလိတ် ဩဂုတ် ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ မိုးအဆက်မပြတ်ရွာသွန်းခြင်းနှင့် မယ်ဆိုင်ချောင်းရေမြင့်တက်လာခြင်းတို့ကြောင့် ဩဂုတ် ၁ ရက်မှစ၍ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် ရေများပြန်လည်ကျဆင်းသွားပြီဖြစ်၍ မြို့တွင်းလမ်းမကြီးများ၊ ဈေးများနှင့် စာသင်ကျောင်းများ၌ သန့်ရှင်းရေးများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

တာချီလိတ်မြို့ပေါ်ရပ်ကွက်များဖြစ်သည့် ပုန်းထွန်ရပ်ကွက်၊ တာလေ့ာရပ်ကွက်၊ မကာအိုခမ်းရပ်ကွက်တို့ရှိ မယ်ဆိုင်ချောင်းနှင့်ကပ်လျက် လမ်းများပေါ်တွင် တင်ကျန်ရစ်သည့် နုန်းများ၊ အမှိုက်များကို စည်ပင်သာယာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့၊ တပ်မတော်သားများ၊ မီးသတ်၊ ကြက်ခြေနီ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ၊ ဈေးသူဈေးသားများနှင့် UBL အမှိုက်သိမ်းကုမ္ပဏီတို့က ဝိုင်းဝန်းရှင်းလင်းလျက်ရှိကြောင်း သိရသည်။

**အေးအေးလတ်**

*စာမျက်နှာ ၁၆ မှ*

### ဒိုင်းဇိမြေပြိုမှု(တရုတ်)

၎င်းဖြစ်စဉ်သည် ၁၉၅၃ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ဇီချွမ်းပြည် ဒိုင်းဇိမော်စီရင်စုတွင် အကြီးစားမြေငလျင်လှုပ်ခတ်ရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က မြေပြိုမှုများကြောင့် လူ ၉၃၀၀ ခန့် သေဆုံးခဲ့သည်။

### အိန္ဒိယနိုင်ငံမြောက်ပိုင်းမြေပြိုမှု

၎င်းဖြစ်စဉ်သည် ၂၀၁၃ ခုနှစ် ဇွန် ၁၆ ရက်တွင် အိန္ဒိယနိုင်ငံ မြောက်ပိုင်းပြည်နယ်များ၌ မိုးသည်းထန်စွာရွာသွန်းရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က လူ ၆၀၀၀ ကျော် သေဆုံးခဲ့သည်။

### ဟွာရတ်ဇ် မြေပြိုမှု(ပီရူး)

၎င်းဖြစ်စဉ်သည် ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ပီရူးနိုင်ငံ ဟွာရတ်ဇ်မြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က မြို့အထက်ပိုင်းရှိ ရေလှောင်တမံရေလျှံရာမှ မြေပြိုမှုဖြစ်ပွားခဲ့ပြီး မြို့ခံပြည်သူ ၅၀၀၀ ခန့် သေဆုံးခဲ့သည်။

### နီဗာဒိုဟွာဆာကာရန် မြေပြိုမှု(ပီရူး)

၎င်းဖြစ်စဉ်သည် ၁၉၆၂ ခုနှစ် ဇန်နဝါရီလတွင် ပီရူးနိုင်ငံရှိ ဟွာဆာကာရန်တောင်ထိပ်မှ ရေခဲတုံးများပြိုကျရာမှဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ရေခဲတုံးများပြိုကျမှုကြောင့် မြေပြိုမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၄၅၀၀ သေဆုံးခဲ့သည်။

### ကီလတ် မြေပြိုမှု(အင်ဒိုနီးရှား)

၎င်းဖြစ်စဉ်သည် ၁၉၁၉ ခုနှစ် မေ ၁၉ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းပေါ်ရှိ ကီလတ် မီးတောင်ပေါက်ကွဲရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ကျေးရွာပေါင်း ၁၀၀ ကျော်မှ ပြည်သူ ၅၀၀၀ ကျော် အတိဒုက္ခရောက်ခဲ့ပြီး ၂၀၀ ကျော် သေဆုံးခဲ့သည်။

### မိုးရာသီတွင် မြေပြိုမှုအန္တရာယ်သတိပြုစေလို

မြန်မာနိုင်ငံတွင်လည်း သဘာဝဘေးအန္တရာယ်များဖြစ်သည့် ငလျင်လှုပ်ခတ်ခြင်း၊ မြေပြိုခြင်း၊ တောင်ပြိုခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေကျွံခြင်း စသည့်ဖြစ်စဉ်ဖြစ်ရပ်များကို ကြုံတွေ့ရလေ့ရှိသည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းတို့ဖြစ်ပွားနိုင်သည်။ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ရိုးမနှင့် ရှမ်းပြည်နယ်တို့တွင် မြေပြိုမှုအများဆုံးဖြစ်ပွားလေ့ရှိသည်။ ထို့ကြောင့် ယခုလိုမိုးရာသီတွင် မိုးသည်းထန်စွာရွာသွန်းရာမှ ရေကြီးရေလျှံမှု၊ မြေပြိုမှုနှင့် တောင်ပြိုမှုများ ဖြစ်ပွားနိုင်သဖြင့် ပြည်သူများအနေဖြင့် အထူးသတိထားနေထိုင်သွားစေလိုပါသည်။


ကိုးကား-

(၁) မြေပြို၊တောင်ပြိုမှု ဘေးအန္တရာယ်လက်စွဲ အကြောင်းအရင်း၊ ဆိုးကျိုးများနှင့် ကြိုတင်ပြင်ဆင်ရေး။ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန။

(၂) The Deadliest Landslides in Recorded History – WorldAtlas



**အင်းလေးကန်သည် ထူးခြားသည့် ရေဝပ်ဒေသဂေဟစနစ်နှင့် ရှားပါးမျိုးစိတ်များ တည်ရှိနေမှု၊ ဆောင်းခိုငှက်များ ကျရောက်ကျက်စားမှု၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ကြွယ်ဝမှုတို့ဖြင့် ထင်ရှားသည့် ရေအိုင်ကြီးတစ်ခုဖြစ်၊ အင်းလေးကန် အတွင်း ကမ္ဘာ့ရှားပါးစာရင်းဝင် ရေပျော်ငှက်မျိုးစိတ် ၁၀၀ နီးပါးအပါအဝင် ငှက်မျိုးစိတ်ပေါင်း ၃၅၀ ကျော် နေထိုင်ကျက်စားလျက်ရှိ အင်းလေးကန်သည် အာရှ-ဩစတြေးလျ ပျံသန်းလမ်းကြောင်းနှင့် ဗဟိုအာရှဒေသ ပျံသန်းလမ်းကြောင်းပေါ်တွင်လည်း ကျရောက်လျက်ရှိ**

# မြန်မာနိုင်ငံအတွင်းရှိ အာဆီယံအမွေအနှစ်ဥယျာဉ်များ (သို့မဟုတ်) အဓိက အရေးပါသော ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိရာနယ်မြေများ



■ *သီဟစည်သူ*

*(ဇူလိုင် ၂၉ ရက်မှအဆက်)*

**(၄) အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဥယျာဉ်**

အင်းလေးကန်သည် နိုင်ငံတကာအဆင့် ထိန်းသိမ်းရေးနယ်မြေအဖြစ် ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်၊ ၂၀၀၄ ခုနှစ်တွင် အရေးပါသည့် ငှက်မျိုးစိတ်နှင့် ဇီဝမျိုးစုံမျိုးကွဲနယ်မြေ၊ ၂၀၁၅ ခုနှစ်တွင် ယူနက်စကို၏ လူသားနှင့် ဇီဝအဝန်းနယ်မြေအစီအစဉ်တွင် ပါဝင်သည့် ဇီဝအဝန်းနယ်မြေတို့အဖြစ် သတ်မှတ်ခံထားရပြီးဖြစ်သည်။ အထင်ကရ အင်းလေးကန်အား ၂၀၁၈ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် ရမ်ဆာရေဝပ်ဒေသထိန်းသိမ်းရေးကွန်ဗင်းရှင်းက မြန်မာနိုင်ငံ၏ ငါးခုမြောက် နိုင်ငံတကာအရေးပါသည့် ရေဝပ်ဒေသ သို့မဟုတ် ရမ်ဆာထိန်းသိမ်းရေးနယ်မြေအဖြစ် တရားဝင်အသိအမှတ်ပြုခဲ့သည်။

အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ကုန်းတွင်းရေတိမ်ဒေသဖြစ်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်တွင် တည်ရှိသည်။ မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံးကုန်းတွင်း ရေချိုကန်ကြီးဖြစ်ပြီး ဧရိယာအားဖြင့် ၅၇၉၇၅၅ ဟက်တာ ကျယ်ဝန်းသည်။ အင်းလေးကန်သည် ထူးခြားသည့် ရေဝပ်ဒေသဂေဟစနစ်နှင့် ရှားပါးမျိုးစိတ်များ တည်ရှိနေမှု၊ ဆောင်းခိုငှက်များ ကျရောက်ကျက်စားမှု၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ကြွယ်ဝမှုတို့ဖြင့် ထင်ရှားသည့် ရေအိုင်ကြီးတစ်ခုဖြစ်သည်။ အင်းလေးကန်အတွင်း ကမ္ဘာ့ရှားပါးစာရင်းဝင် ရေပျော်ငှက်မျိုးစိတ် ၁၀၀ နီးပါးအပါအဝင် ငှက်မျိုးစိတ်ပေါင်း ၃၅၀ ကျော် နေထိုင်ကျက်စားလျက်ရှိသည်။ အင်းလေးကန်သည် အာရှ-ဩစတြေးလျ ပျံသန်းလမ်းကြောင်းနှင့် ဗဟိုအာရှဒေသ ပျံသန်းလမ်းကြောင်းပေါ်တွင်လည်း ကျရောက်လျက်ရှိသည်။

အင်းလေးကန်ကို ရေဝပ်ဒေသဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် ၁၉၈၅ ခုနှစ်တွင် အင်းလေးကန်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောဟူ၍ အင်းလေးကန်နှင့် စကားအင်း၊ မိုးဗြဲရေလှောင်တမံတို့ အပါအဝင် စုစုပေါင်းဧရိယာအကျယ်အဝန်း ၁၃၁၈၈၇ ဒသမ ၇၇ဧက၊ စတုရန်းမိုင် ၂၀၆ ဒသမ ၀၇ မိုင်ကို အမိန့်ထုတ်ပြန် ကြေညာခဲ့ပြီး သတ်မှတ်ကာကွယ် ထိန်းသိမ်းထားရှိသည်။

နိုင်ငံတကာအရေးပါသည့် အင်းလေးကန်ရေဝပ်ဒေသ ရမ်ဆာထိန်းသိမ်းရေးနယ်မြေသည်အင်းလေးကန်ကြီးအတွင်းရှိ ငှက်မျိုးစိတ်များ၊ ငါးမျိုးစိတ်များ အဓိကပေါက်ပွားရာ နေရင်းဒေသနှင့် ဆောင်းခိုငှက်များ ကျရောက်ကျက်စားရာ နယ်မြေများ ပါဝင်နေသည့် ညောင်ရွှေမြို့နယ်အပိုင် အင်းလေးကန် ရေပြင်ဧရိယာနှင့် သဘာဝကျွန်းမျောဧရိယာများ ပါဝင်ပြီး စုစုပေါင်းဧရိယာ ၁၄၃၂၆ ဒသမ ၁၈ ဧက၊ ၅၇၉၇ ဒသမ ၆ ဟက်တာကို ရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်ခံထားရသည်။

**(၅) ထမံသီ တိရစ္ဆာန်ဘေးမဲ့တောဥယျာဉ်**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်နှင့် ခန္တီးမြို့နယ်တို့အတွင်း တည်ရှိသည့် ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို လာအိုနိုင်ငံ ပါဆီမြို့တွင် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သည့် (၆) ကြိမ်မြောက် အာဆီယံအမွေအနှစ်ဥယျာဉ်များညီလာခံတွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်အတည်ပြုခဲ့ကြောင်း သိရသည်။

ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ဂေဟဗေဒဆိုင်ရာ ကောင်းမွန်သောနေရာတစ်ခုဖြစ်ခြင်း၊ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ တည်ရှိရာနေရာဖြစ်ခြင်း၊ တောဆင်ရိုင်း၊ ကျား၊ အင်းကျား၊ ဝက်ဝံနက်၊ သင်းခွေချပ်စသည့် ရှားပါးတောရိုင်းတိရစ္ဆာန်နှင့် အပင်မျိုးစိတ်များ ကျက်စားလျက်ရှိခြင်းတို့ကြောင့် အဆိုပါ ဘေးမဲ့တောကို ၁၉၇၄ ခုနှစ်မှ စတင်၍ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် တည်ထောင်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဘေးမဲ့တောဥယျာဉ်တွင် အမြဲစိမ်းတောနှင့် ရွက်ကြွေတော(အပေါ်ပိုင်းစိုစွတ်)စသော သစ်တောအမျိုးအစားများ ပေါက်ရောက်ကြသည်။ မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နေသည့် ရှားပါးမျိုးစိတ်များဖြစ်သည့် တောဘဲမန်ဒါလီ၊ အာရှဆင်၊ ကျား၊ အနောက်ဘက်မျောက်လွှဲကျော်မျက်ခုံးဖြူ၊ ရေဗလုံမျိုးစိတ်များ ကျက်စားနေထိုင်လျက်ရှိသည်။

**(၆) လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်တွင် တည်ရှိသည့် လန်ပိကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ်သည် မြိတ်ကျွန်းစုထဲတွင်ပါဝင်ပြီး ကျွန်းငယ်များစွာဝန်းရံလျက်ရှိသည်။ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ကို ၁၉၉၆ ခုနှစ်ဖေဖော်ဝါရီ ၂၈ ရက်က အဏ္ဏဝါအမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ဖွဲ့စည်းခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ခံခဲ့ရသည်။ လန်ပိကျွန်းတန်းရှည်သည် ကော့သောင်းခရိုင်အတွင်း အကြီးဆုံးသောကျွန်းဖြစ်ပြီး ၅၀၆၁၇ ဧကကျယ်ဝန်းသည်။

မြန်မာနိုင်ငံတွင် ငှက်မျိုးစိတ်များနှင့် အခြားဇီဝမျိုးစုံမျိုးကွဲများ နေထိုင်ကျက်စားရာနေရာဒေသ ၅၇ ခုရှိသည့်အနက်မှ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၊ မုတ္တမပင်လယ်ကွေ့နှင့် နံ့သာကျွန်းတို့သည် ကမ္ဘာပေါ်တွင် မျိုးသုဉ်းလုနီးပါးဆောင်းခိုငှက်များဖြစ်သည့် ရေညှောင်နှုတ်ဝိုင်းငှက်များ၊ ကမ္ဘာ့ရှားပါးဆောင်းခိုငှက်များ အဓိက လာရောက်ဆောင်းခိုနေထိုင်ရာနေရာတွင် ပါဝင်နေသည့်အတွက် အရေးပါသည့် ငှက်မျိုးစိတ်များထိန်းသိမ်းရေးနယ်မြေအဖြစ် ၂၀၀၄ ခုနှစ်တွင် သတ်မှတ်ခံထားရသော ဥယျာဉ်တစ်ခုလည်းဖြစ်သည်။

အမျိုးသားဥယျာဉ်အတွင်း ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလမှ ဧပြီလအထိ ကောက်ယူခဲ့သော စစ်တမ်းအရ ဒီရေတော ၆၃ မျိုး၊ နို့တိုက်သတ္တဝါ ၁၉ မျိုး၊ ငှက်အမျိုးအစားပေါင်း ၂၂၈မျိုး၊ တွားသွားသတ္တဝါ ၁၀ မျိုး၊ ကုန်းနေရေနေသတ္တဝါ ၁၀မျိုး၊ ငါး ၄၂ မျိုး၊ ကဏန်း ၄၂ မျိုး၊ ခရုအမျိုးအစား ၅၀၊ ယောက်သွားကမာကောင် ၄၁ မျိုး၊ ပင်လယ်မျှော့ ၃၅ မျိုး၊ ပင်လယ်ရေညှိ ၇၃ မျိုး၊ အခြားရေနေသတ္တဝါ ၃၃၅ မျိုး အပါအဝင် အပင် ၃၄၂ မျိုး၊သတ္တဝါ၄၈၆မျိုးပေါက်ရောက်နေထိုင်ကျက်စားလျက်ရှိသည့်အပြင် ဥယျာဉ်ဧရိယာကို အမြဲစိမ်းသစ်တော ၂၂ ရာခိုင်နှုန်း၊ ဒီရေတော ၂ ရာခိုင်နှုန်း၊ ပင်လယ်ကမ်းခြေဒေသနှင့် သဲသောင်သစ်တော ၁ ရာခိုင်နှုန်းနှင့် အဏ္ဏဝါရေပြင် ၇၅ ရာခိုင်နှုန်းဖြင့် ဖုံးလွှမ်းထားသည်။ ထို့ပြင် လန်ပိကျွန်းအဏ္ဏဝါ အမျိုးသားဥယျာဉ်တွင် သဘာဝအတိုင်း တည်ရှိနေသော ပင်လယ်ကမ်းခြေနှင့် သဘာဝပတ်ဝန်းကျင် ရှုခင်းများအပြင် ဒေသခံမော်ကင်း(ဆလုံ) လူမျိုးများ၏ လူနေမှုဘဝ၊ မိရိုးဖလာ အလေ့အထပုံစံများကို လေ့လာနိုင်သည့်နေရာတစ်ခုလည်းဖြစ်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# တပ်ကုန်းမြို့နယ်အတွင်း မိုးရွာသွန်း၍ တောင်ကျရေကြောင့် ပျက်စီးခဲ့သည့် တံတားနှင့်လယ်မြေ ရေလွှမ်းမိုးမှုများ ကြည့်ရှုစစ်ဆေး

**တပ်ကုန်း ဩဂုတ် ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ဩဂုတ် ၃ ရက် ညပိုင်းက မိုးရွာသွန်းသဖြင့် တောင်ကျရေကြောင့် ကင်းသာကျေးရွာအုပ်စု ကင်းသာ အကျဉ်းဦးစီးဌာန အဝင်လမ်း တံတားပျက်စီးမှုနှင့် လယ်မြေ ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ရာ တောင်ကျရေကြောင့် ပျက်စီးခဲ့သည့် တံတားနှင့် လယ်မြေ ရေလွှမ်းမိုးမှုများကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း၊ နေပြည်တော် အကျဉ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။(အပေါ်ယာပုံ)



နေပြည်တော်ကောင်စီအဖွဲ့ဝင်က တောင်ကျရေကြောင့် ပျက်စီးခဲ့သည့် အလျား ပေ ၂၀၊ အနံ ပေ ၂၀ ရှိ ကျောက်စီကမ်းကပ်ခုံနှင့် RC ဆလပ်ခင်း၊ ကင်းသာ အကျဉ်းဦးစီးဌာန အဝင်လမ်း တံတားပျက်စီးမှုနှင့်ပတ်သက်၍ သွားလာရေး အဆင်ပြေစေရန် သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ပြီးနောက် အမှတ်(၂) ခရိုင်ချင်းဆက်လမ်းပေါ်ရှိ တံတားချင်းကပ် မြေသားနံရံပျက်စီးမှုနှင့် ကင်းသာကျေးရွာအုပ်စုအတွင်းရှိ ကွင်းအမှတ် ၁၄၅၇၊ ကွင်းအမှတ် ၁၄၅၈၊ ကွင်းအမှတ် ၁၄၅၄ နှင့် ကွင်းအမှတ် ၁၄၅၆ ကွင်းများမှ လယ်မြေ ၁၄၉ ဒသမ ၉၇ ဧက ရေလွှမ်းမိုးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# စေတုတ္တရာမြို့နယ်၌ ဆီမီးချောင်းရေလျှံ ဒေသခံပြည်သူများ ယာယီပြောင်းရွှေ့ရ

**စေတုတ္တရာ ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၌ မိုးများအဆက်မပြတ်ရွာသွန်းခြင်းကြောင့် ဩဂုတ် ၁ ရက်နှင့် ၂ ရက်တွင် ဆီမီးချောင်း ရေလျှံမှုများဖြစ်ပွားကာ မြို့ပေါ်သို့ ရေဝင်ရောက်လာသည့်အတွက် အမှတ်(၁) ရပ်ကွက်မှ ဒေသခံပြည်သူ့အချို့မှာ ရေဘေးလွတ်ရာနေရာများသို့ ဩဂုတ် ၂ရက် ညနေပိုင်းမှစ၍ ယာယီပြောင်းရွှေ့နေကြရကြောင်း သိရသည်။

ဆီမီးချောင်းရေလျှံ၍ ရေဝင်ရောက်လျက်ရှိသော အမှတ်(၁) ဝဏ္ဏသီဟရပ်ကွက်မှ ဒေသခံပြည်သူများမှာ ရေလွတ်သည့် နီးစပ်ရာဆွေမျိုးများ၏အိမ်များသို့ ယာယီပြောင်းရွှေ့နေကြခြင်းဖြစ်ပြီး ထိုသို့ ယာယီပြောင်းရွှေ့ကြရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှ အင်အား ၂၃ ဦးနှင့် မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များက ပြည်သူများ၏ ပစ္စည်းများသယ်ယူပို့ဆောင်ခြင်း၊ လမ်းမပေါ်ရေဝပ်ရာနေရာတွင် အမှိုက်များပိတ်ဆို့မှုမရှိစေရန် ဖယ်ရှားရှင်းလင်းခြင်းနှင့် လိုအပ်သည့်ကူညီမှုများကို ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**ဝင်းအိမ့်မွန် (ပြန်/ဆက်)**



# ဘီးလင်းမြို့နယ်မှ ရေကြီးခဲ့သောရပ်ကွက်များရှိ ရေတွင်းများတွင် ကလိုရင်းဆေးများ လိုက်လံခတ်ပေး

**ဘီးလင်း ဩဂုတ် ၄**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့၌ ဇူလိုင်လ ၂၅ ရက်မှစ၍ ရေကြီးနစ်မြုပ်မှုများဖြစ်ပွားခဲ့ပြီးနောက် ယခုအခါ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်ရာ ရေနစ်မြုပ်ခဲ့သည့် ရေတွင်းများတွင် ကလိုရင်းဆေးခတ်ပေးခြင်းကို မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနက ဩဂုတ် ၃ ရက်မှစ၍ လိုက်လံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏စီစဉ်မှုဖြင့် မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် ရပ်မိရပ်ဖများက အဖွဲ့လေးဖွဲ့ခွဲ၍ ရေကြီးနစ်မြုပ်ခဲ့သော ရပ်ကွက်များမှ ရေတွင်းများကို ကလိုရင်းဆေးများ ခတ်ပေးခဲ့ရာ ဩဂုတ် ၃ ရက်တွင် လက်တူးတွင်း ၂၃၅ တွင်းနှင့် အဝီစိတွင်းလေးတွင်းတို့ကို ကလိုရင်းဆေးများ ခတ်ပေးနိုင်ခဲ့ပြီး ကျန်ရှိနေသေးသော ရေတွင်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်း ၄၈ မျိုးကို FDA က အသိပေးကြေညာ

**ရန်ကုန် ဩဂုတ် ၄**

သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်း ၄၈ မျိုးကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက အသိပေးထုတ်ပြန်ထားသည်။




သုံးစွဲရန်မသင့်ဟု ကြေညာထားသော အလှကုန်ပစ္စည်းအချို့။

အာဆီယံဒေသတွင်း နိုင်ငံများ၏ Post–Marketing Alert System (PMAS) Report အစီအစဉ်အရ အာဆီယံဒေသတွင်းတွေ့ရှိရသော တားမြစ်ဓာတုပစ္စည်းပါဝင်သည့် အဆိုပါအလှကုန် ၄၈ မျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်းများ ပါဝင်နေသဖြင့် အများပြည်သူ သုံးစွဲရန်မသင့်တော်ကြောင်း အသိပေးထားခြင်းဖြစ်သည်။

အဆိုပါအလှကုန်ပစ္စည်း ၄၈ မျိုးတွင် Labskin ACTIVEWHITE White Cream Secret Recipe, Labskin White Cream Secret, U Nice, Polla Anti–Melasma Cream,MEYYONG RA, LADY GOLD, MS GLOW, Desha Night Cream(Moisturizer) (NA) စသည့် အလှကုန်ပစ္စည်းများပါဝင်နေပြီး တားမြစ်ဓာတုပစ္စည်းများသည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများ ဖြစ်ပွားနိုင်သည့်အပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများလည်း ဖြစ်ပွားနိုင်ကြောင်း FDA က အသိပေးထားသည်။

အလှကုန်ပစ္စည်းများ တင်သွင်းဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများ၊ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက အသိပေးထားသည်။

**MT**

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၁)တိုးချဲ့ရပ်ကွက် ဦးဝိစာရလမ်း၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဩဂုတ် ၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၁)တိုးချဲ့ရပ်ကွက် ဦးဝိစာရလမ်း၌ တိုက် (၂/E–1)ရှိ မြေညီထပ်တွင် ဖွင့်လှစ်ထားသော မြိုင် ကြေးအိုးဆီချက်ဆိုင်တွင် ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ် သုံးစီးတို့ဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ငြှိမ်းသတ်ရာ ၁၁ နာရီ ၂၄ မိနစ်ခန့်တွင် မီးငြိမ်းသွားသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်မှာ ကြေးအိုးဆီချက်ဆိုင်တွင် ဂတ်စ်အိုးလဲလှယ်စဉ် ဂတ်စ်ဘားပွင့်၍ အငွေ့ထွက်ရာမှ အနီးရှိ သုံးစွဲလျက်ရှိသော မီးဖိုကို အပူကူးစက်ပြီး မီးစတင်လောင်ကျွမ်းခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် ဆိုင်ပိုင်ရှင် ဦးနိုင်ဦး၏ ဝဲဘက်မျက်နှာ၊ ဝဲဘက်တံတောင်၊ ဝဲဘက်ဒူးတို့ အနည်းငယ် ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့ကြောင်းနှင့် ဒဂုံမြို့သစ်မြောက်ပိုင်း မြို့မရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်**

# မိုင်းခတ်မြို့၌ ချောင်းရေကျဆင်း၍ မော်တော်ယာဉ်များ ပုံမှန်ပြန်လည်သွားလာနိုင်

**မိုင်းခတ် ဩဂုတ် ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဩဂုတ် ၁ ရက် ညနေပိုင်းက နမ့်လွေချောင်းရေကြီးပြီး ကျိုင်းတုံ–မိုင်းခတ်–မိုင်းယန်း လမ်းမပေါ်သို့ ရေကျော်ခဲ့ရာ ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် ရေများပြန်လည်ကျဆင်း၍ ခရီးသွားပြည်သူများ၊ ယာဉ်ကြီး ယာဉ်ငယ်များ ပုံမှန်ပြန်လည်သွားလာ၍ရပြီဖြစ်ကြောင်း သိရသည်။

ချောင်းရေကျော်ခြင်းကြောင့် ကျိုင်းတုံ–မိုင်းခတ်–မိုင်းယန်းလမ်း၏ မိုင်တိုင်အမှတ် ၇၄ ကီလိုမီတာနှင့် ၇၅ ကီလိုမီတာအကြား လမ်းအရှည်ပေ ၁၅၀ ခန့်၌ ရေအနက် တစ်ပေခွဲခန့်နှင့် လမ်းအရှည်ပေ ၃၀၀ ခန့်၌ ရေအနက်လေးပေခန့်ရေကျော်ခဲ့၍ ဩဂုတ် ၂ ရက်နှင့် ၃ ရက်တို့တွင် မော်တော်ယာဉ်သွားလာမှုများ ခေတ္တရပ်နားထားခဲ့ရပြီး လမ်းရေကျော်သည့်အချိန်အတွင်း စစ်ဗျူဟာအဖွဲ့(အခြေချ) (မိုင်းခတ်)မှ စစ်ဗျူဟာမှူးဗိုလ်မှူးကြီး ဇော်အေးထွန်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးမြင့်စိုးတို့ ဦးဆောင်သည့် တပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များက ခရီးသွားပြည်သူများ အန္တရာယ်ကင်းစေရေးအတွက် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယနေ့နံနက် ၇ နာရီခန့်တွင် ချောင်းရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်၍ ယာဉ်ကြီးယာဉ်ငယ်များ ယခင်အတိုင်း အဆင်ပြေချောမွေ့စွာ ပြန်လည်ဖြတ်သန်းသွားလာနေကြပြီဖြစ်ကြောင်း သိရသည်။

**နန်းနွယ်နီ (ပြန်/ဆက်)**

# ဆေးတက္ကသိုလ်(၁) ရန်ကုန် မိုးရာသီကျောင်းတွင်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၄**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် ကျင်းပသည့် ဆေးတက္ကသိုလ်(၁) ရန်ကုန် မိုးရာသီကျောင်းတွင်းဖိတ်ခေါ် ဘောလုံးအားကစားပြိုင်ပွဲကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သထုံလမ်းရှိ တက္ကသိုလ်များ ဘောလုံးကွင်း၌ ဇူလိုင် ၂၉ရက်မှ ဩဂုတ် ၄ ရက်အထိ ပြုလုပ်ခဲ့ပြီး ပြိုင်ပွဲပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် ၎င်းနေရာ၌ ကျင်းပသည်။

ယနေ့ ကျင်းပသည့် နောက်ဆုံးဗိုလ်လုပွဲတွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်ဆေးပညာဒုတိယနှစ် (၅/၂၀၂၄) သင်တန်းကိုယ်စားပြုဖြစ်သော "Myriad FC" အသင်းနှင့် တက္ကသိုလ်ရှိအခြားသင်တန်းများ ကိုယ်စားပြုဖြစ်သော "Royal Lion FC" အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ "Myriad FC" အသင်းက အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဆေးတက္ကသိုလ် (၁) ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာကျော်ရွှေ၊ ဒုတိယပါမောက္ခချုပ်(စီမံ) နှင့် ဆရာ ဆရာမများ၊ တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်အားပေးခဲ့ကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာပွဲစဉ်များတစ်လျှောက် အကောင်းဆုံးကစားသမားဆု၊ ဂိုးသွင်းအများဆုံးဆု၊ ရှေ့တန်းအကောင်းဆုံးကစားသမားဆု၊ အလယ်တန်းအကောင်းဆုံး ကစားသမားဆု၊ နောက်တန်းအကောင်းဆုံးကစားသမားဆု၊ အကောင်းဆုံးဂိုးသမားဆု၊ အသန့်ရှင်းဆုံးအသင်း ဆုတို့အား လည်းကောင်း၊ နှစ်သိမ့်ဆုရရှိသော "Vanilla Muffin FC" အသင်းအား နှစ်သိမ့်ဆုနှင့် ငွေသားဆုကို လည်းကောင်း၊ တတိယဆုရရှိသော "Tempest FC" အသင်းအား ကြေးတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ ဒုတိယဆုရရှိသော Royal Lion FC အသင်းအား တစ်ဦးချင်းငွေတံဆိပ်ဆုနှင့် ငွေသားဆုကို လည်းကောင်း၊ ပထမဆုရရှိသော "Myriad FC" အသင်းအား ပါမောက္ခချုပ်ဖလား၊ တစ်ဦးချင်းရွှေတံဆိပ်ဆုနှင့် ငွေသားဆုတို့ကိုလည်းကောင်း ဒေသကြီး ဝန်ကြီးချုပ်နှင့် စီးပွားရေးရာဝန်ကြီး၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် အားကစားဆပ်ကော်မတီဥက္ကဋ္ဌတို့က ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# MNL ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက် နှစ်ဂိုးစီသရေကျ

**ရန်ကုန် ဩဂုတ် ၄**

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၅) တတိယနေ့ကို ဩဂုတ် ၄ ရက်က ဆက်လက်ကျင်းပရာ နှစ်ပွဲစလုံး သရေရလဒ်များဖြင့် ပြီးဆုံးခဲ့သည်။

တောင်ကြီးကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း နှစ်ဂိုးစီသရေကျခဲ့သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ပထမပိုင်းတွင် အမှားများခဲ့သဖြင့် နှစ်ဂိုးအရှုံးမှ လိုက်ကစားခဲ့ရကာ ကာလရှည်တင်ရှိထားသည့် လိဂ်ပွဲရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းနိုင်ခဲ့ပြီး ၆၁ ပွဲအထိ ရှိလာခဲ့သည်။



ရန်ကုန်ယူနိုက်တက်အသင်းအတွက် ၁၄ မိနစ်တွင် ကောင်းစည်သူက ခေါင်းတိုက်ပြီး အဖွင့်ဂိုးသွင်းယူခဲ့သလို ၂၆ မိနစ်တွင် ကျော်ဖြိုးဝေက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်း ၄၇ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် မတ်ခ်ဆာကီက ခေါင်းတိုက်ပြီး ပထမချေပဂိုးသွင်းယူခဲ့ပြီး ၇၁ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် မတ်ခ်ဆာကီက ပိတ်သွင်းယူကာ ဒုတိယချေပဂိုးသွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ချေပဂိုးနှစ်ဂိုးသွင်းယူခဲ့သည့် ရှမ်းယူနိုက်တက်အသင်း ကွင်းလယ်ကစားသမား မတ်ခ်ဆာကီက ရရှိသည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ငါးပွဲကစား ၁၃ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ငါးပွဲကစား ၁၁ မှတ် ရရှိထားသည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် မဟာ ယူနိုက်တက်အသင်းနှင့် Dagon Port အသင်း သုံးဂိုးစီသရေကျခဲ့သည်။ ယခုပွဲအပြီးတွင် မဟာယူနိုက် တက်အသင်းက ခုနစ်မှတ်၊ Dagon Port အသင်းက လေးမှတ် ရရှိထားသည်။

ပွဲစဉ် (၅) နောက်ဆုံးနေ့ကို ဩဂုတ် ၅ ရက် **(ယနေ့)** တွင် YUSC ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး သစ္စာအားမာန်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ-သော်လေး**



# တောင်တွင်းကြီးမြို့နယ်တွင် ခိုးယူထားသော ဆိုင်ကယ် ၃၆ စီးနှင့်အတူ တရားခံများဖမ်းဆီးရမိ

**တောင်တွင်းကြီး ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်း ဆိုင်ကယ်များ လိုက်လံ ခိုးယူ/လုယက်နေသော ဆိုင်ကယ်ခိုးယူသူ နှစ်ဦးနှင့် ဆက်စပ်တရားခံ ရှစ်ဦးတို့အား ခိုးယူထားသော ဆိုင်ကယ် ၃၆ စီးနှင့်အတူ ဩဂုတ် ၁ ရက်က ဖမ်းဆီးရမိသည်။

တောင်တွင်းကြီးမြို့နယ် မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ကျော်ငြိမ်းနှင့်တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မြို့ပေါ် ရပ်ကွက်များအား လှည့်ကင်းဆောင်ရွက်ရာ ထွန့်ခေါင်(ခ) ဝေလင်းထွန်း အသက် (၁၅)နှစ် အုန်းတော့ (၂)ရပ်ကွက်နေထိုင်သူနှင့် လင်းကို (ခ) မျိုးမင်းသိန်း အသက်(၂၁)နှစ် ရွှေအိုး (၁)ရပ်ကွက်နေထိုင်သူတို့အား ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်ရာတွေ့ရှိသဖြင့် စစ်ဆေးရာ ၎င်းတို့ ပိုင်ဆိုင်ကြောင်း အထောက်အထား ပြသနိုင်ခြင်း မရှိ၍ ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးရမိသူများကို တောင်တွင်းကြီးမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ပြီး ထပ်မံစစ်ဆေးရာ ဆိုင်ကယ်ခိုးယူမှုများတွင် ပါဝင်ပတ်သက်နေသည့် ဆက်စပ်တရားခံ ရှစ်ဦး ထပ်မံဖမ်းဆီးနိုင်ခဲ့ကြောင်း မြို့မရဲစခန်းမှ သိရသည်။

သိမ်းဆည်းရမိသည့် ဆိုင်ကယ်များကို ဆိုင်ကယ် ပျောက်သူများအနေဖြင့် မိမိတို့ ပိုင်ဆိုင်ကြောင်း သက်သေအထောက် အထားများနှင့်အတူ တောင်တွင်းကြီး မြို့မရဲစခန်းတွင် လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

**နောင်နောင် (ဗိဿနိုးမြေ)**

*○ကျောဖုံးမှ*

ရရှိခဲ့သော ပေါ်တီလ်ဟို၏ တစ်လုံး တည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

နှစ်သင်းကြား ခြေစွမ်းသိသိသာသာ ကွာဟမှု မရှိဘဲ အဆုံးသတ်သေချာသည့် ဘရာဇီးအသင်းက အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ ပြင်သစ်အသင်းသည် ပွဲချိန် ၁၆ မိနစ်တွင် ရရှိခဲ့သော ပယ်နယ်တီကို ကွင်းလယ်တိုက်စစ်ကစားသမား ကာခါအူရီ ကန်သွင်းရာ ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိသည့်အတွက် နစ်နာခဲ့ရသည်။

ပါရီအိုလံပစ် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်မှ အခြားသော ပွဲစဉ်ရလဒ်များတွင် အမေရိကန်က ဂျပန်အသင်းကို အကြိတ်အနယ်ကစားပြီး ပွဲချိန် ၁၀၅ မိနစ်တွင် ရရှိခဲ့သော ရော့ဒ်မန်း၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ စပိန်နှင့် ကိုလံဘီယာအသင်းပွဲစဉ်တွင် ကိုလံဘီယာအသင်းသည် ကမ္ဘာ့အဆင့် (၁) စပိန်အသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် နိုင်ပွဲရရှိရန် နီးစပ်ခဲ့သော်လည်း ပွဲချိန်ပြည့်ခါနီးတွင် ဒုတိယချေပဂိုး ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သောကြောင့် အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ရသည်။

အချိန်ပိုတွင်လည်း တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ပယ်နယ်တီ အဆုံးအဖြတ် ခံယူခဲ့ရသည်။

ပယ်နယ်တီ အဆုံးအဖြတ်တွင် စပိန်အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။ ကနေဒါနှင့် ဂျာမနီအသင်း ပွဲစဉ်တွင်လည်း သာမန်ပွဲကစားချိန်နှင့် အချိန်ပို မိနစ် ၃၀ အတွင်း ဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ပယ်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရသည်။ ပယ်နယ်တီ အဆုံးအဖြတ်တွင် ဂျာမနီအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

ပါရီအိုလံပစ် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ဘရာဇီးက စပိန်အသင်းနှင့်လည်းကောင်း၊ အမေရိကန်အသင်းက ဂျာမနီအသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

**အောင်ဇော်**

*❖ ကျောဖုံးမှ*

၁၅ ဒသမ ၇၅၆ တန်နှင့် သစ်မာ ၀ ဒသမ ၁၉၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၃၄၈၀၀၀) ကိုလည်းကောင်း၊ ဩဂုတ် ၂ ရက်တွင် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၇၁၂ တန်၊ အခြားသစ် ၂ ဒသမ ၈၄၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁၃၆၅၃) ကိုလည်းကောင်း၊ စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၉၂၄၈၄၅၃)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံ တံတားပူးပေါင်း စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan Murano မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ မိုင်းလားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် တရုတ်နိုင်ငံထုတ် Camel အဝတ်လျှော်စက်နှစ်လုံး၊ Man Slipper ကျားစီးဖိနပ် အရံ ၅၂၄၀၊ Brake Shoe ၁၅၀ ကီလိုဂရမ် အပါအဝင် လူသုံးကုန်ပစ္စည်းကိုးမျိုး၊ ဆိုင်ကယ်အပိုပစ္စည်း ၃၅မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၇၂၃၁၅၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီးနှင့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၇၇၂၃၁၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် Happy Rose Tissue ၄၀၁၁ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၅၀၇၉၄)ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ ပိုင်ရှင်မှ စွန့်လွှတ်ကြောင်း တင်ပြလာသည့် တရုတ်နိုင်ငံထုတ် Plastic Pallets အခု ၈၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၇၂၅၀၀)ကို လည်းကောင်း၊ ထီးတန်းဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ ပိုင်ရှင်မှ စွန့်လွှတ်ကြောင်း တင်ပြလာသည့် Fuse ၁၅၈၄ ခု၊ Mini Helmet ၅၇၀၀ အပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၇၆၀၀၀)ကို လည်းကောင်း၊ ရန်ကုန်လေဆိပ် (ကုန်လှောင်ရုံ)၌ ပိုင်ရှင်မှ စွန့်လွှတ်ကြောင်း တင်ပြလာသည့် တရုတ်နိုင်ငံထုတ် Medical Device – Cholesterol Assay Kit ငါးခု အပါအဝင် ကုန်ပစ္စည်း ၂၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၆၆၈၀၀)ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၂၆၆၀၉၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၁ ရက်နှင့် ၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂၆၂၃၇၆၉၇) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် အားကစားနှင့်ကာယပညာသိပ္ပံ (ပုသိမ်) မိုးလုံလေလုံအားကစားရုံ ပန္နက်တင်မင်္ဂလာတက်ရောက်

ပုသိမ် ဩဂုတ် ၄

**အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ(ပုသိမ်)မိုးလုံလေလုံအားကစားရုံ (၁၂၀' x ၉၀') ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကြခတ်ချောင်ကျေးရွာရှိ အဆိုပါအဆောက်အဦ ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်အား အဆောက်အဦဆောက်လုပ်မည့်ကုမ္ပဏီမှ တာဝန်ရှိသူများက ရှင်းလင်းဆောင်တွင် အဆောက်အဦဆိုင်ရာ အချက်အလက်များ၊ ရှင်းလင်းတင်ပြခဲ့ပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ချက်များနှင့်အညီဖြစ်ရေး၊ အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးစေရေး မှာကြားကာ အဆောက်အဦမြေနေရာများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။

**ပန္နက်တော်တင်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပန္နက်တော်တင်မည့် သတ်မှတ်နေရာများတွင်နေရာယူပြီး မင်္ဂလာအချိန်ရောက်ရှိသည်နှင့် တစ်ပြိုက်နက် ပန္နက်တော်အား ကိုးချက်စီရိုက်၍ ပန္နက်တော်တင်ခဲ့ကြပြီး **(အပေါ်ယာပုံ)** ပန္နက်တော် အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

**အလှူငွေပေးအပ်**

ထို့နောက် ဩဂုတ် ၂ ရက်က ဘဝနတ်ထံပျံလွန်တော်မူသော ရောဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ ရွှေရေးဆောင်ကျောင်းတိုက်ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တသံဝရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ၏ ဥတုဇရုပ်ကလာပ်တော်အား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ ဖူးမြော်ကြည်ညိုကြသည်။ ဆက်လက် ၍ အန္တိမအဂ္ဂိဈာပနသာဓုကီဠနပူဇာ သဘင်ဆင်ယင်ကျင်းပနိုင်ရေးအတွက် ဩဝါဒခံယူခြင်းနှင့် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ပြုလုပ်ရာ သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင်နှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး မိသားစု၊ စေတနာရှင် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းရာ သယံဇာတရေးရာဝန်ကြီး၊ သာသနာရေးဦးစီးဌာန တိုင်းဦးစီးမှူးတို့က လက်ခံရယူခဲ့သည်။



**လျှောက်ထားတင်ပြ**

ယင်းနောက် အခမ်းအနားသို့ ကြွရောက်တော်မူလာကြသော ဆရာတော်အရှင်သူမြတ်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က အန္တိမအဂ္ဂိ ဈာပနသဘင် ဆင်ယင်ကျင်းပနိုင်ရေးနှင့် သာသနာရေးဆိုင်ရာ ကိစ္စရပ်များအား လျှောက်ထားတင်ပြခဲ့ပြီးနောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကချင်ပြည်နယ် ဝန်ကြီးချုပ် ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်ထောက်ပံ့ချီးမြှင့်

**မြစ်ကြီးနား ဩဂုတ် ၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ရခိုင်တိုင်းရင်းသားတို့၏ ရခိုင် စာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင် မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ပညာသင် စရိတ် ထောက်ပံ့ခြင်းနှင့် ဂုဏ်ပြု ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မြစ်ကြီးနားမြို့ အေးမြသာယာရပ်ကွက်အတွင်းရှိ အဆိုပါ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ရုံး၌ ကျင်းပသည်။



**ဂုဏ်ပြုပြောကြား**

အခမ်းအနားတွင် ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ဂုဏ်ထူးဆောင်နာယက ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပညာရည်ပြည့်ဝပြီး ထူးချွန်ထက်မြက်သည့် တိုင်းရင်းသား လူငယ်အမြောက်အမြား မွေးထုတ်ပေးနိုင်မှသာ မိမိတို့နိုင်ငံ၊ မိမိတို့ပြည်နယ်၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့အပြင် အားကစားဖြင့် ထူးချွန်သောလူငယ်များ ဖြစ်လာစေရေးအတွက် ညီနောင် ရခိုင်တိုင်းရင်းသားများအနေဖြင့် မိမိတို့၏ ရင်သွေးများကို လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ပါကြောင်း၊ တက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာအောင်မြင်ပြီး ပညာဆက်လက်သင်ကြားကြမည့် သားငယ် သမီးငယ်များအနေဖြင့် မိမိလူမျိုး၏ ဂုဏ်ကို မြှင့်တင်ပေးနိုင်သကဲ့သို့ တိုင်းပြည်အတွက် အားထားရသည့်သူများ ဖြစ်အောင် ဆက်လက်ကြိုးစားကြရန်လိုကြောင်း အားပေးဂုဏ်ပြုပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင် ဆရာဦးစိန်လွင်က ကျောင်းသား ကျောင်းသူများ ရှေ့ဆက်ရမည့် ပညာရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ အတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ခြောက်သိန်းကို လည်းကောင်း၊ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး မိသားစုက ထောက်ပံ့ငွေကျပ် ခြောက်သိန်းကို လည်းကောင်း၊ ပြည်နယ်လူမှုရေးရာ ဝန်ကြီးနှင့်ဇနီး၊ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့စရိတ် ချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မြစ်ရေကြီးမှုအခြေအနေများ

## မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန်အကြံပြု

နေပြည်တော် ဩဂုတ် ၄

**ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ ပေဝက်ခန့် (၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။**

**စစ်တောင်းမြစ်ရေသည်** မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ငါးပေခန့် (၁၄၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ရွှေကျင်မြစ်ရေသည်** ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၉၇ ပေ (၇၀၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ပဲခူးမြစ်ရေသည်** ပဲခူးမြို့ တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ (၈၈၀ စင်တီမီတာ)အထက်သို့ နှစ်ပေခန့် (၅၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်**

**သံလွင်မြစ်ရေသည်** ဘားအံမြို့ တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ငါးပေခန့် (၁၄၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ငဝန်မြစ်ရေသည်** ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ငဝန်မြစ်ရေသည်** သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၀ ဒသမ ၃၄ ပေ (၆၂၀ စင်တီမီတာ) အထက်သို့ တစ်ပေခွဲခန့် (၄၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက် တည်ရှိနိုင်သည်။

**ငဝန်မြစ်ရေသည်** ပုသိမ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁ ဒသမ ၄၈ ပေ (၃၅၀ စင်တီမီတာ) အထက်သို့ ပေဝက်ခန့် (၁၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် မြင့်တက်လာနိုင်သည်။

**အထူးသတိပြု**

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်၊ ရွှေကျင်မြို့နယ်၊ ပဲခူးမြို့နယ်၊ ဘားအံ မြို့နယ်၊ သာပေါင်းမြို့နယ်၊ ပုသိမ်မြို့နယ်၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# လှိုင်လင်၊ နမ့်စန်၊ မင်္ဂလာဒုံမြို့နယ်နှင့် တာချီလိတ်မြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၄**

ဩဂုတ် ၃ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်လင်မြို့နယ် ပင်လုံမြို့ ပန်မုန့်ကျေးရွာအုပ်စု ပေါင်းလိုင်းကျေးရွာအနီးတွင် ပိုင်ဇေဖြိုး မောင်းနှင်ပြီး ပြေသာတိုး လိုက်ပါလာသည့် HONDA INSIGHT အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါးများ ဖြစ်သည့် ကက်တမင်း သုည ဒသမ ၁ ကီလို၊ Happy Water သုည ဒသမ ၇၅ ကီလိုကိုလည်းကောင်း၊ ကွင်းဆက်အရ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နမ့်စန်မြို့နယ် မက်မွန်မုန်းကျေးရွာအုပ်စု အမှတ်(၂) ကျေးရွာရှိ မစုဝေဝေထွန်း ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ် အိပ်ခန်းအတွင်းမှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း သုည ဒသမ ၀၅ ကီလို၊ Happy Water သုည ဒသမ ၄၇၅ ကီလိုကို လည်းကောင်း၊ ထိုနေ့ ညနေ ၅ နာရီခွဲတွင် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်အတွင်းတွင် ဆမ်ဆွဲ မောင်းနှင်ပြီး အီချာ လိုက်ပါလာသည့် TOYOTA CROWN အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း သုည ဒသမ ၈၇ ကီလို၊ Happy Water သုည ဒသမ ၂၂၅ ကီလိုကို လည်းကောင်း၊ ယင်းနေ့ ညနေ ၅ နာရီတွင် မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက် ဗိုလ်မင်းရောင်လမ်းတွင် ပြည့်ဖြိုးအောင် (ခ) ကုလား မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀,၀၀၀ ကို လည်းကောင်း ကွင်းဆက်အရ ညနေ ၅ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချခိုင်းသူ မအိမြတ်မြတ်ဖူးကို အဆိုပါနေရာ၌ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ပိုင်ဇေဖြိုး၊ ပြေသာတိုး နှင့် မစုဝေဝေထွန်း တို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



# စေတုတ္တရာမြို့နယ်၌ တောင်ကျချောင်းရေတိုက်စားမှုကြောင့် ကတ္တရာကားလမ်း ယိုယွင်းပျက်စီးမှုကို အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်

**စေတုတ္တရာ ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် ဩဂုတ် ၂ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စေတုတ္တရာ - ငဖဲ - ပဒါန်းသွားကားလမ်း မိုင်တိုင်အမှတ်(၂၄/၄)နှင့် (၂၄/၅) ကြားရှိ ဒုံချောင်းရေကျော်နေရာတွင် ရေတိုက်စားပြီး ကားလမ်း ယိုယွင်းပျက်စီးမှု ဖြစ်ပွားခဲ့ရာ ယနေ့တွင် အမြန်ဆုံး ပြန်လည်ပြုပြင် ဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)**

အဆိုပါ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စေတုတ္တရာ - ငဖဲ - ပဒါန်းသွားကားလမ်း မိုင်တိုင် အမှတ်(၂၄/၄) နှင့် (၂၄/၅) ကြားရှိ ဒုံချောင်းရေကျော်နေရာတွင် ကတ္တရာကားလမ်း (ချဉ်းကပ်လမ်း) အရှည် ပေ ၁၂၀၊ အကျယ် ၁၂ ပေခန့် ချောင်းရေတိုက်စားပြီး ယိုယွင်းပျက်စီးသွားခဲ့ရာ ၎င်းပျက်စီးသည့် ကတ္တရာလမ်းပိုင်းကို မင်းဘူးမြို့ လမ်းဦးစီးဌာန တည်ဆောက်ရေး(၂) လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၁၁) မှ ဩဂုတ် ၄ ရက်တွင် ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများ၊ ယာဉ်များ ဖြတ်သန်းရာတွင် အဆင်ပြေစွာသွားလာနိုင်ရေး အတွက် ပြန်လည်ပြင်ဆင်ခြင်း လုပ်ငန်းများ စတင် အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

# မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူနေအိမ်ဝိုင်းအတွင်း ရေဝင်ရောက်မှုကို ကူညီရှင်းလင်းဆောင်ရွက်ပေး

**ပွင့်ဖြူ ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဘုရားကုန်းကျေးရွာ၌ လူနေအိမ်ဝိုင်းအတွင်း ရေတစ်ပေခန့် ဝင်ရောက်ပြီး နေထိုင်ရန် အခက်အခဲဖြစ်နေကြောင်းသိရ၍ ဩဂုတ် ၄ ရက် နံနက် ၈ နာရီခွဲက မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲလင်းနောင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်၍ ရေစုပ်စက်ဖြင့် ကူညီရှင်းလင်း ဆောင်ရွက်ပေးသည်။

ပွင့်ဖြူမြို့နယ်၌ ယမန်နေ့က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ဘုရားကုန်းကျေးရွာ ရွှေပန်းမြိုင် ဘုရားအနီးတွင် နေထိုင်သော ဦးမောင်မောင်စန်း၏ နေအိမ်ဝိုင်းအတွင်းသို့ ရေတစ်ပေခန့်ဝင်ရောက်ခဲ့ကာ နေထိုင်ရန် အခက်အခဲများ ဖြစ်ပေါ်ခဲ့ကြောင်းသိရပြီး ယနေ့နံနက်ပိုင်းက ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးမှူး ဦးရဲလင်းနောင်၏ ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက ချက်ချင်းသွားရောက်ကာ လူနေအိမ်ဝိုင်းအတွင်း ဝင်ရောက်နေသော မိုးရေများကို ရေစုပ်စက်ဖြင့် ကူညီရှင်းလင်း ဆောင်ရွက်ပေးခဲ့ကာ နေအိမ်အတွင်းရှိ အသုံးအဆောင်ပစ္စည်းများကို စနစ်တကျ ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# လယ်ဝေးမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်များ မောင်းနှင်လာသူ အမျိုးသား နှစ်ဦးကို ဖမ်းဆီးအရေးယူထား

**နေပြည်တော် ဩဂုတ် ၄**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်တွင် ဩဂုတ် ၃ ရက်က လိုင်စင်မဲ့ မော်တော်ယာဉ်များ မောင်းနှင်လာသူ အမျိုးသား နှစ်ဦးကို ဖမ်းဆီး အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၃ ရက် ည ၁၂ နာရီ ၄၅ မိနစ်ခန့်က လယ်ဝေးမြို့နယ် အမှတ်(၂)ရပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်(တောင်ညို) မှ တပ်ဖွဲ့ဝင်များက ရှမ်းစုစစ်ဆေးရေးဂိတ်၌ ယာဉ်စစ်ဆေးဆောင်ရွက် နေစဉ် ပဲခူးဘက်မှ ကျိုက်ထိုမြို့နယ် ကျောက်ကလပ်ကျေးရွာနေ အောင်မြင့်မြတ် (၂၀) နှစ် မောင်းနှင်လာသည့် MDY-26 2M/xxxx HONDA FIT ယာဉ်နှင့် အောင်မင်္ဂလာရပ်ကွက်နေ အောင်ပိုင်လင်း(၂၉)နှစ် မောင်းနှင်လာသည့် YGN-38 7J/xxxx MARK-II ယာဉ်တို့ကို စစ်ဆေးခဲ့ရာ လိုင်စင်မဲ့ယာဉ်များဖြစ်ကြောင်းသိရှိရ၍ အောင်မြင့်မြတ်ပါ နှစ်ဦးအား လယ်ဝေးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၄

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Naing Lin Htun(sai aung)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အမှတ်(၄)*ရပ်ကွက်နေ နိုင်လင်းထွန်းအား ညနေ ၄ နာရီ မိနစ် ၄၀ တွင် လည်းကောင်း၊ "Aung Gyi" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်နေ အောင်စိုးမိုးအား ညနေ ၅ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## အောင်မြေသာစံမြို့နယ်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၄

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် မြနန္ဒာတိုက် ဗြဟ္မဝိဟာရဏာဘုန်းတော်ကြီးကျောင်းမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား ယမန်နေ့က အဆိုပါဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

